# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့၊ (8-10-2014) (၇၉၇၇)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သေက္ချေတာင်ဆရာတော် ဦးတိလောက

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ရှိ ကွမ်ရှီးဆေးတက္ကသိုလ်သို့ သွားရောက်လေ့လာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွမ်ရှီးဆေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နန်နင်း အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နန်နင်းမြို့ရှိ ကွမ်ရှီးဆေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ ကွမ်ရှီးဆေးတက္ကသိုလ်ပါတီအတွင်းရေးမှူး မစ္စတာချိုချောင်ချန်က ဆေးတက္ကသိုလ်ခန်းမ၌ ဆေးတက္ကသိုလ်တည်နေရာ၊ စီမံဖွဲ့စည်းအုပ်ချုပ်ပုံ၊ သင်ကြားရေးဆရာများခန့်ထားမှု၊ နိုင်ငံတကာကျောင်းသားများလက်ခံသင်ကြားပေးနေမှု၊ မြန်မာကျောင်းသားများလာရောက်ပညာသင်ကြားနေမှု၊ အထူးပြုဘာသာရပ်များ သင်ကြားပေးနေမှု၊ ပြည်နယ်အတွင်းရှိ နန်နင်းမြို့အပါအဝင် ခရိုင်နှင့် မြို့နယ်ကျေးရွာများအတွင်း ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကွမ်ရှီးဆေးဘက်ပညာသင်ကြားရေးအဆောင်အတွင်း လက်တွေ့သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားရေးအခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတက မြန်မာနိုင်ငံမှ ကွမ်ရှီးဆေးတက္ကသိုလ်၌ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ၎င်းတို့အား ပညာကိုကြိုးစားသင်ယူကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကွမ်ရှီးဆေးတက္ကသိုလ် အမှတ်(၁) တွဲဖက်ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး မစ္စတာကျန်းကျိယိက ဆေးရုံ၏ တည်နေရာနှင့် ဌာနများ၊ လူနာများအား ကုသပေးမှု၊ ဝန်ထမ်းအင်အား၊ ဆေးရုံမှ ကျန်းမာရေး အာမခံချက်ပေးထားမှုတို့ကို ရှင်းလင်းတင်ပြပြီး နှစ်နိုင်ငံ ဆေးတက္ကသိုလ်များနှင့် ဆေးရုံများ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

## ပျောက်ဆုံးရဟတ်ယာဉ်မှ ရှာဖွေရေးအဖွဲ့ဝင်များ ပြန်လည်တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ခါကာဘိုရာဇီတောင်တွင် ပျောက်ဆုံးသွားသည့် တောင်တက်သမားနှစ်ဦးအား ရှာဖွေရင်း တစ်ပတ်ကျော်ကြာ အဆက်အသွယ်ပြတ်ခဲ့သည့် ထိုင်းရဟတ်ယာဉ်နှင့် လိုက်ပါသူများ ပြန်လည်တွေ့ရှိလာပြီဖြစ်သည်။

ပျောက်ဆုံးတောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရင်း အဆက်အသွယ်ပြတ်သွားသော ထိုင်းရဟတ်ယာဉ် B4 မှ ရဟတ်ယာဉ်မှူး Mr. Chat Chawall၊ မြန်မာရဟတ်ယာဉ်မှူး

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲**

## ကျောက်ဆည်မြို့ သီတင်းကျွတ် ရိုးရာဆင်လျှုပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၇**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောက်ဆည်မြို့၏ သီတင်းကျွတ်ရိုးရာဆင်လျှုပွဲတော်ကြီးကို အောက်တိုဘာ ၇ ရက်(သီတင်းကျွတ်လဆန်း ၁၄ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ယခုနှစ် ဆင်လျှုပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆင်အဖွဲ့ပေါင်း ၅၅ ဖွဲ့ တက်ရောက်ခဲ့ပြီး "အောင်စေပိုင်စေ" သီချင်းဖြင့် ညီညာစွာ ပါဝင်ကပြကြပြီး တက်ရောက်လာသူများအား "မျိုးဆက်သစ်"၊ "ဇော်ဂျီမောင်"နှင့် "ဉာဏ်လင်းထက်"ဆင်အဖွဲ့တို့က ဖျော်ဖြေကြသည်။ ယခုနှစ် ဆင်အကအလှပြိုင်ပွဲကြီးတွင် ဆင်အမျိုးအစား သုံးမျိုးဖြင့် ဆင်အဖွဲ့ ၆၈ ဖွဲ့က မြို့မဈေးကြီးကို သုံးပတ်ပတ်ကာ ပွဲတော်လာပရိသတ်များကို ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဆင်အလှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဆင်ပွဲလာပရိသတ်များနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်အားပေးကြည့်ရှုကြပြီး တစ်နေ့တည်း တစ်ချိန်တည်း တစ်နေရာတည်းတွင်

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**






**ကြေးမုံ စာတည်းရှုထောင့်** **၈-၁၀-၂၀၁၄၊ ဗုဒ္ဓဟူးနေ့**

# ဝါလကင်းလွတ် သီတင်းကျွတ်

ယနေ့သည် သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)ဖြစ်သည်။ မြန်မာတို့၏ ထုံးတမ်းစဉ်လာ သီတင်းကျွတ်အခါသမယသည် ကြီးကျယ်မြင့်မြတ်ပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ မြတ်စွာဘုရားရှင်လက်ထက်တော်ကာလက တာဝတိံသာနတ်ပြည် သုဒဿနမြို့မှ လူ့ပြည်သင်္ကဿနဂိုရ်ပြည် တောင်ဘက်တံခါးဝသို့ နတ်ပြဟ္မာခြံရံပြီး မြတ်ဗုဒ္ဓဆင်းသက်တော်မူစဉ် လူပရိသတ်တို့က ဗုဒ္ဓ၏ဂုဏ်အသရေတော်၊ ကျေးဇူးတော်တို့ကို ဆီမီးထွန်းညှိပူဇော်ရာမှ သီတင်းကျွတ်ဆီမီးပူဇော်ပွဲ အစပြုခဲ့သည်။

ထိုမှ ရှေးမြန်မာမင်းအဆက်ဆက်တို့သည် သီတင်းကျွတ်လပြည့်နေ့ ရောက်တိုင်း မြတ်ဗုဒ္ဓကို ရည်မှန်းပူဇော်ခဲ့ကြရာ ယနေ့ခေတ်ကာလထိတိုင် အစဉ်အလာမပျက် ပူဇော်လျက်ရှိကြဆဲဖြစ်ပေရာ မြန်မာတို့အဖို့ ထူးကဲမွန်မြတ်သည့် နေ့မြတ်မင်္ဂလာဟု ဆိုထိုက်ပါသည်။

ထိုသို့ ပူဇော်ထူးကို ဆီမီးလျှံများဖြင့် ပူဇော်ရုံမျှမက ပွဲလမ်းသဘင်၊ ရုပ်စုံသဘင်၊ ပျော်ပွဲသဘင်များမှာ ယနေ့ခေတ်ကာလမှမဟုတ် ရှေးယခင်ခေတ်ကာလကတည်းက ကျင်းပခဲ့ကြသည်ကို ကုန်းဘောင်ခေတ်မှတ်တမ်းများတွင်လည်း တွေ့မြင်နိုင်ပါသည်။ ဆီမီးရောင်ရှိန် ထွန်းလင်းနေအောင် ပူဇော်ကြသော ပြည်သူပြည်သားများ၏ နှလုံးစိတ်ဝမ်းကြည်နူးမှုများနှင့် ဆီမီးရောင်အောက်က သဘာဝအလှတရားများမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှပါသည်။

မီးသဘင်ပွဲအမျိုးမျိုး၊ ကခြင်းခုန်ခြင်းအစုံစုံ၊ သီဆိုဖျော်ဖြေခြင်းအသီးသီးတို့ဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဒေသအဖုံဖုံတွင် လွှမ်းခြုံကျင်းပလျက်ရှိနေကြပါသည်။ ထိုသို့ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက်သည့် အခင်းအကျင်းများနှင့် စုံလင်လှသလို ထိုနေ့ရက်မြတ်၏ဂုဏ်ထူးဝိသေသဖြစ်သော အဘိဓမ္မာ၏ အနှစ်ဖြစ်သည့် အဘိဓမ္မာတရားတော်များ၊ ပဋ္ဌာန်းကျမ်းမြတ်များကိုလည်း ဒေသအနှံ့ ပူဇော်လျက်ရှိကြသည်မှာ ကြည်နူးပီတိဖြာဝေ၍ ကောင်းကျိုးမင်္ဂလာတိုးပွားစေမည်ဖြစ်ပါသည်။

ထိုအဘိဓမ္မာတရားတော်များကို နာကြားရခြင်း၊ ပဋ္ဌာန်းဒေသနာတော်များကို ရိုရိုသေသေ တစ်ခဏမျှ နာကြားရခြင်းဖြင့်ပင် ကုသိုလ်ထူးကို ရရှိစေနိုင်သည်ဟု ဆိုထားပါသည်။ ပဋ္ဌာန်းတရားတော်များကို သုံးသပ် နာယူရခြင်းအားဖြင့် မျက်မှောက်၊ ချက်ချင်း၊ အခါမလပ် ကောင်းကျိုးချမ်းသာများကို ရရှိစေနိုင်သည်ဟု ကျမ်းဂန်များတွင် ပြဆိုထားပါသည်။

ထိုတရားတော်များသည် ရင်ဆိုင်ကြုံတွေ့နေရသော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ လွှန်မြောက်နိုင်မည်။ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အသွယ်သွယ်တို့မှ ကင်းလွတ်နိုင်မည်။ အပြစ်ကင်း၍ ကောင်းကျိုးများဖြစ်ထွန်းမည်။ ဆောင်ရွက်ချက်ကိစ္စအဝဝတို့ အောင်မြင်စေမည်။ အပြစ်မကင်း အကျိုးမဖြစ်စေမည့် ကိစ္စရပ်တို့မှ ရှောင်လွှဲနိုင်မည်။ အဆုံးစွန်ဘဝ၌ နိဗ္ဗာန်သို့ပင် မျက်မှောက်ပြုနိုင်မည် စသည့်အကျိုးတရားများ များပြားလှသဖြင့် ဤမွန်မြတ်လှသော နေ့ထူးနေ့မြတ်တွင် တရားဒေသနာများကို အစအဆုံးဖြစ်စေ တစ်ခဏဖြစ်စေ နာကြားသင့်ပါသည်။

ထို့ကြောင့် ယနေ့သာသနာဖြစ်ထွန်းနေဆဲကာလ နောင်သာသနာမကွယ်ပျောက်မီအချိန်ကို သတိတရားလက်ကိုင်ထားပြီး ထူးမြတ်သည့် သီတင်းကျွတ်လတွင် ကောင်းမှုကုသိုလ်များ ပြုကြရပါမည်။ ထိုအခါသမယတွင် အမျိုးကောင်းသားတို့အနေဖြင့် လူ့ဘဝ၌ တစ်နှစ်တွင်တစ်ကြိမ်သာ ကြုံကြိုက်ဆဲကာလ သီတင်းကျွတ်ပွဲတော်ကြီးတွင် ဆင်နွှဲပျော်ရွှင်ရင်း အဘိဓမ္မာ တရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များကို မိမိတို့စွမ်းအားရှိသလောက် နာကြားကြခြင်း၊ ပူဇော်ကြခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ကြခြင်းတို့ ပြုလုပ်သင့်ပေသည်။

သို့ဖြစ်ရာ သီတင်းကျွတ်လ သီတင်းကျွတ်ပွဲတော်နှင့် ယနေ့ကျရောက်သော သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)တွင် ကောင်းမှုအထူးများ ပြုကြရင်းဖြင့် နောင်အရှည်တိုင်အောင် အစဉ်အလာမပျက် ဆက်လက်ကျင်းပသွားရင်း၊ ကုသိုလ်တရားများ ပွားများကြရင်း ကောင်းသောခရီးလမ်းကို လျှောက်လှမ်းနိုင်ကြစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

## ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်သို့ သွားရောက်

**နေပြည်တော် အောက်တိုဘာ ၇**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် အောက်တိုဘာ ၅ ရက်တွင် ညောင်ရွှေမြို့၌ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းတို့အား တွေ့ဆုံခဲ့သည်။

အင်းသားစာပေယဉ်ကျေးမှုအဖွဲ့မှ ပုဂ္ဂလိက လူထုအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် အင်းယဉ်ကျေးမှု ထိန်းသိမ်းရေး၊ အင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အင်းဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မကြာမီဖွင့်လှစ်မည့် ညောင်ရွှေမြို့ အနုပညာကောလိပ်တွင် ကျောင်းသားများရရှိရေး၊ တိုင်းရင်းသားရိုးရာအကများသင်ကြားပေးရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် အလိုတော်ပေါက်ဘုန်းကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

## မီးရှူး၊ မီးပန်း၊ ပြောက်အိုးများ ပစ်ဖောက်ခြင်းများမပြုရန် အမိန့်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် ပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေးနှင့် အခြားမလိုလားအပ်သောကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် မီးရှူး၊ မီးပန်းနှင့် ပြောက်အိုးများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပစ်ဖောက်ခြင်း၊ လက်ဝယ်ရောင်းချထားရှိခြင်းများ မပြုလုပ်ကြရန်နှင့် ပစ်ဖောက်ခြင်း၊ ရောင်းချခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် အမိန့်ထုတ်ပြန်ထားရှိသည်။

**(သတင်းစဉ်)**

## ဒီပါဝလီနေ့ ရုံးပိတ်ရက်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၇**

၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်) ကြာသပတေးနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၉၉၀၀ | - | ၆၅၀၉၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၉၆၀၀ | - | ၆၅၀၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၁.၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၃.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁.၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၄၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃.၇၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၁၃၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၉.၈၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃.၁၉၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၃.၄၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆.၅၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံ၏အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ဌာန၊ MRI ဌာန၊ စီတီဌာန၊ အထူးကုသခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ကွမ်မီရှီးကျွမ်းဒေသ၏ ကျန်းမာရေးအာမခံကိစ္စ၊ ကျေးလက်ဒေသသို့ သွားရောက်ကုသပေးမှုတို့ကိုမေးမြန်းရာ ဆေးရုံအုပ်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ဆေးတက္ကသိုလ်နှင့်ဆေးရုံကို ၁၉၃၄ ခုနှစ်တွင် တည်ထောင်ထားကာ ဆေးတက္ကသိုလ်၌ သွားဘက်ဆိုင်ရာနှင့် တိုင်းရင်းဆေးပညာတို့ကိုလည်း သင်ကြားပေးလျက်ရှိပြီး ဆေးရုံတွင် ဌာနပေါင်း ၈၄ ခု၊ ခုတင် ၃၀၀၀၊ ဝန်ထမ်းအင်အား ၅၆၀၀ ရှိပြီး တစ်ရက်လျှင် လူနာ ၁၀၀၀၀ ကျော် လက်ခံဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့်မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားပြီး မွန်းလွဲပိုင်းတွင် နန်နင်းမြို့ စီမံခန့်ခွဲမှုပြတိုက်နှင့် ကွမ်ရှီးပြည်နယ်စီမံခန့်ခွဲမှုပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့သည်။

ပြတိုက်များသို့ရောက်ရှိစဉ် သမိုင်းဝင်အထင်ကရနေရာများတည်ရှိမှု၊ ရိုးရာဓလေ့၊ နှစ်အလိုက်တိုးတက်လာမှု၊ မြို့ပြဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုပြခန်းများနှင့် အနာဂတ်တွင် မြို့ပြဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် 3D ရုပ်ရှင်တို့ကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

အဆိုပါ နန်နင်းပြတိုက်နှင့် ကွမ်ရှီးကျွမ်းပြည်နယ်ပြတိုက်တို့ကို ၂၀၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းအား ကွမ်ရှီးပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဖန်ချင်းဟုက လိယွမ်ဧည့်ဂေဟာခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ အားကစားနှင့်ယဉ်ကျေးမှုကဏ္ဍတို့ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့အကြို အဖိတ်နေ့က စေတီတော်ရင်ပြင်၌ ဆီမီးစေတီများနှင့် ရောင်စုံမီးပုံးများဖြင့် လှည့်လည်ပူဇော်ကြစဉ်။** ခင်မောင်ဝင်း(ကြေးမုံ)

## မော်လမြိုင်ကျွန်း၌ တာဝတိံသာဘုရားဆင်းဝါကျွတ်ပွဲတော် စည်ကားစွာကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၇**

(၈၂)ကြိမ်မြောက် မော်လမြိုင်ကျွန်း တာဝတိံသာဘုရားဆင်း ဝါကျွတ်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက တာဝတိံသာဘုရား အောက်တန်ဆောင်းရင်ပြင်တော်၌ကျင်းပသည်။ ရှေးဦးစွာ သာသနာ့အလံ နှစ်လက်အား မိုးပျံပူဖောင်းများ လွှင့်တင်ခြင်းမင်္ဂလာ ကျင်းပသည်။ ထို့နောက် ဖွင့်ပွဲတွင် (၈၂)ကြိမ်မြောက် တာဝတိံသာဘုရား ဆင်းဝါကျွတ်ပွဲတော်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် တာဝတိံသာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငွေးတို့က ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပွဲတော်သို့ ကြွရောက်လာသူများက အထက် ရင်ပြင်တော်သို့ တက်ရောက်ကြပြီး တာဝတိံသာ မြတ်စွာဘုရားအား ဖူးမြော်ပူဇော် ကန်တော့ကြသည်။

အဆိုပါ (၈၂)ကြိမ်မြောက် တာဝတိံသာဘုရားဆင်း ဝါကျွတ်ပွဲတော်မှာ ယခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှဘုရားဖူးများ ကြိုတင်လာရောက်ကြသဖြင့် ပွဲတော်ရက်မတိုင်မီ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့မှစတင်ပြီး စည်ကားလျက်ရှိရာ နေ့ပွဲဈေးတန်းနှင့် ညပွဲဈေးတန်းတို့တွင် မြန်မာပြည်အရပ်ရပ်မှ ဒေသထွက်ကုန်များ ရောင်းချကြသဖြင့် ဘုရားဖူးလာ ပြည်သူများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။

ယင်းပွဲတော်ရက်မှာ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှ လပြည့်ကျော် ၂ ရက်နေ့အထိ ၄ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မော်ကျွန်းမြင့်အောင်)**

## ဥတ္တရသီရိမြို့နယ်၌ ဆွမ်းဆန်တော်လောင်းလှူ

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်တွင် (၂၁)ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရပ်ကွက်ရှိ စွယ်တော်(၁)လမ်း၌ကျင်းပရာ ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းမှ သံဃာတော် အပါး ၂၆၈ ပါးနှင့် သီလရှင် ၂၆ ပါး စုစုပေါင်း ၂၉၄ ပါးတို့အား ရွှေနံ့သာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းဆွမ်းဆန်တော်လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(ရွှေရဲရင့်)**

## မြန်မာ့လေကြောင်းက လေယာဉ်ခရီးစဉ်များ တိုးမြှင့်ပျံသန်းပြေးဆွဲမည်

**နေပြည်တော် အောက်တိုဘာ ၇**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်မှ နေပြည်တော်၊ ညောင်ဦး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ စစ်တွေမြို့များသို့ နေ့စဉ်၊ ဗန်းမော်မြို့သို့ (တနင်္ဂနွေ)၊ မန္တလေးမြို့သို့ (တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ စနေ)၊ မြစ်ကြီးနားမြို့သို့ (တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ စနေ)၊ ပူတာအိုမြို့သို့ (ကြာသပတေး၊ စနေ၊ တနင်္ဂနွေ)၊ ကလေးမြို့သို့ (တနင်္လာ၊ သောကြာ၊ စနေ)၊ မုံရွာမြို့နှင့် ဟုမ္မလင်းမြို့များသို့ (အင်္ဂါ)၊ လွိုင်ကော်မြို့သို့(တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)၊ ဟဲဟိုးမြို့သို့ (အင်္ဂါ၊ ကြာသပတေး၊ စနေ)၊ လားရှိုးမြို့သို့ (အင်္ဂါ၊ စနေ)၊ ကျိုင်းတုံမြို့သို့(တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)၊ တာချီလိတ်မြို့သို့ (အင်္ဂါ၊ ကြာသပတေး၊ စနေ)၊ မိုင်းဆတ်မြို့သို့ (တနင်္ဂနွေ၊ ဗုဒ္ဓဟူး)၊ ဘုတ်ပြင်းမြို့သို့ (အင်္ဂါ၊ ကြာသပတေး၊ စနေ)၊ မော်လမြိုင်မြို့သို့ (တနင်္လာ၊ သောကြာ)၊ သံတွဲမြို့သို့ (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ)၊ ကျောက်ဖြူမြို့သို့ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)၊ အမ်းမြို့သို့ (အင်္ဂါ၊ ကြာသပတေး)၊ ပုသိမ်မြို့သို့(တနင်္ဂနွေ၊ တနင်္လာ၊ သောကြာ၊ စနေ)နှင့် မန္တလေးမြို့မှ ညောင်ဦး၊ ဟဲဟိုးမြို့များသို့ နေ့စဉ်၊ လားရှိုးမြို့သို့(တနင်္ဂနွေ)၊ ဗန်းမော်မြို့သို့ (အင်္ဂါ၊ စနေ)၊ ခန္တီးမြို့သို့ (တနင်္လာ၊ ကြာသပတေး)၊ မြစ်ကြီးနားမြို့သို့ (ဗုဒ္ဓဟူး၊ သောကြာ)၊ ကလေးမြို့သို့ (အင်္ဂါ)၊ တာချီလိတ်မြို့သို့ (အင်္ဂါ၊ သောကြာ)၊ ဟုမ္မလင်းမြို့သို့ (ကြာသပတေး)၊ သံတွဲမြို့သို့ (အင်္ဂါ၊ စနေ)နေ့များတွင် ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်း ကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

**❖ ကျောက်ဆည်မှ**

ကျင်းပသောကြောင့် အလွန်စည်ကားလှသည်။ ကျောက်ဆည်မြို့၏ ရိုးရာဆင်လှူပွဲတော်ကြီး စည်ကားမှုနှင့်ပျော်ရွှင်စရာကောင်းမှုကိုလည်း "မြန်မာနိုင်ငံကို ပထမဦးဆုံး လာရောက်တာပါ၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက လာချင်ခဲ့တာ။ အခုလို ဆင်ပွဲကြီးမှာ ဆင်တွေက အရောင်အသွေးစုံ၊ လှလည်း လှတော့ အလွန်ပျော်ရွှင်ရပါတယ်။ မြို့သူမြို့သားတွေရဲ့ ဘာသာတရားကိုင်းရှိုင်းပုံကိုလည်း တွေ့ရပါတယ်။ နောင်နှစ်တွေလည်း အခုလိုလာနိုင်အောင် ကြိုးစားဦးမှာပါ"ဟု ဆင်ပွဲတော်လာ နိုင်ငံခြားခရီးသွား အမေရိကန်နိုင်ငံ ကယ်လ်လီဖိုးနီးယားပြည်နယ်မှ Sydnie က ပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်ကြသော ဆင်အဖွဲ့များအား ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ကမ္ဘောဇဘဏ်တို့မှ ရိုးရာဆင်ပြိုင်ပွဲတွင် ပထမဆု သိန်း ၂၀၊ ဒုတိယဆု ၁၆ သိန်း၊ တတိယဆု ၁၂ သိန်း၊ ဘော်ကြယ်ဆင်ပြိုင်ပွဲတွင် ပထမဆု ၁၆ သိန်း၊ ဒုတိယဆု ၁၂ သိန်း၊ တတိယဆု ရှစ်သိန်းနှင့် ကလေးဆင်ပြိုင်ပွဲတွင် ပထမဆု ၁၂ သိန်း၊ ဒုတိယဆု ရှစ်သိန်း၊ တတိယဆု လေးသိန်းချီးမြှင့်ခဲ့သည့်အပြင် နှစ်သုံးဆယ်အထက် နှစ်စဉ်မပျက် ပါဝင်လှည့်လည်ကြသော သက်ကြီးဆင်များကို "ဇွဲဆု"၊ ပြိုင်ပွဲဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဒိုး၊ နှဲ၊ လင်ကွင်း၊ မောင်း၊ ဝါးလက်ခုပ် စသည်များဖြင့် ရှေးရိုးရာအတိုင်း ရိုးရိုးအက၊ အရိုင်းအကများဖြင့် မြို့မဈေးကို သုံးပတ်ပြည့်အောင် လှည့်လည်ကပြသော ဆင်အဖွဲ့များကိုလည်း ရှေးရိုးရာဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**


သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal . မြို့မ၊ ဝင်းလိုက်(မန္တလေး)
၃ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြဲ

နေပြည်တော်(၁) ၊ မင်္ဂလာစံပြ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၀ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြဲ

နေပြည်တော်(၃) ၊ မင်္ဂလာ(၂)ဒဂုံစင်တာ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၃ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြဲ

ရွှေဆောင်(၁)၊ မင်္ဂလာစံပြ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၂၆ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြမြဲ

ရွှေဆောင်(၂) ၊ မြို့မ(နံနက်၁၀း၀၀နာရီ)
၃ . ၁၀ . ၂၀၁၄ ရက်မှ စတင်ပြမြဲ




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၈၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၈၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

ပွဲချိန်သတ်မှတ်ပြ
၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ
Mingalar Cinemas facebook

# မြို့တော်ဗန်ကောက်ရှိ သုဝဏ္ဏဘူမိလေဆိပ်တိုးချဲ့ရေးစီမံကိန်း အကောင်အထည်ဖော်မည်

**ဗန်ကောက် အောက်တိုဘာ ၇**

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်ရှိ ပင်မလေဆိပ်ကြီးဖြစ်သော သုဝဏ္ဏဘူမိလေဆိပ် တိုးချဲ့ရေးစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

သုဝဏ္ဏဘူမိလေဆိပ်၌ တတိယမြောက်လေယာဉ်ပြေးလမ်း ဖောက်လုပ်ရန်နှင့် ပြည်နယ်လေဆိပ်သုံးခုကိုလည်း တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ထိုင်းအစိုးရအဖွဲ့က ပြောကြားသည်။သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ် တိုးချဲ့ရေးစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ခြင်းဖြင့် တိုးပွားလာသော ကမ္ဘာလှည့်ခရီးသည်များအတွက် လေဆိပ်ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း လေတပ်ဗိုလ်ချုပ်ကြီး ပရာဂျင်ယွန်တောင်းက သတင်းထောက်များအား ပြောကြားသည်။

လေဆိပ်တိုးချဲ့ရေး စီမံကိန်းကို ဝန်ကြီးအဖွဲ့ထံတင်ပြ၍ ခွင့်ပြုချက်တောင်းခံခြင်းမရှိမီ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်အစီအစဉ် ရေးဆွဲနိုင်ရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထူထောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သုဝဏ္ဏဘူမိလေဆိပ်ကို ၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းလေဆိပ်သည် တစ်နှစ်လျှင် ခရီးသည် ၄၅ သန်းခန့်အတွက် ဝန်ဆောင်ပေးရန် ရည်မှန်းခဲ့သော်လည်း လွန်ခဲ့သည့်နှစ်က ခရီးသည် သန်း ၅၀ ခန့်အထိ ဝန်ဆောင်ပေးခဲ့သည်။ **ပီတီအိုင်။**



သုဝဏ္ဏဘူမိလေဆိပ်၏ လေယာဉ်ဆိုက်ရောက်ရာ အဆောက်အအုံကို တွေ့ရစဉ်။



# အိန္ဒိယကို ချိုးနှိမ်သည့် ကာတွန်းပုံဖော်ပြခဲ့မှု နယူးယောက်တိုင်းမ်စ် သတင်းစာက စာဖတ်ပရိသတ်အား ဝန်ချတောင်းပန်

**နယူးယောက် အောက်တိုဘာ ၇**

အိန္ဒိယနိုင်ငံအား စော်ကားရာရောက်သည်ဟု သတင်းစာဖတ်ပရိသတ်က ရှုမြင်ရာရောက်စေသော ကာတွန်းပုံတစ်ပုံကို ဖော်ပြခဲ့ခြင်းအတွက် အမေရိကန် နယူးယောက်တိုင်းမ်စ် သတင်းစာက စာဖတ်ပရိသတ်များအား ဝန်ချတောင်းပန်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ အင်္ဂါဂြိုဟ်လေ့လာရေးဂြိုဟ်တုယာဉ်နှင့်ပတ်သက်၍ သရော်ထားသော ကာတွန်းပုံတစ်ပုံကို နယူးယောက်တိုင်းမ်စ်သတင်းစာက လွန်ခဲ့သည့်ရက်သတ္တပတ်တွင် ဖော်ပြခဲ့သည်။

"အင်္ဂါဂြိုဟ်သို့ အိန္ဒိယက စျေးချိုသော ဂြိုဟ်တုယာဉ်လွှတ်တင်ခြင်း"ဟု ခေါင်းစဉ်တပ်ထားသည့် သတင်းဝေဖန်ချက်တစ်ပုဒ်နှင့်အတူ အဆိုပါ ကာတွန်းပုံကို အတူယှဉ်တွဲ ဖော်ပြခဲ့သည်။

နွားတစ်ကောင်ကို ကြိုးဖြင့်ဆွဲခေါ်လာသော အိန္ဒိယလယ်သမားတစ်ဦးက လက်ရွေးစင်အာကာသကလပ်ဟု အမည်ပေးထားသည့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်နိုင်ရန် တံခါးခေါက်နေပုံကို ကာတွန်းဆရာက သရုပ်ဖော်ထားသည်။ အဆိုပါ အဆောက်အအုံအတွင်း အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသည့် လူကြီး လူကောင်းနှစ်ဦး ရှိနေပြီး အင်္ဂါဂြိုဟ်လေ့လာရေး အိန္ဒိယဂြိုဟ်တုလွှတ်တင်မှုအကြောင်း ပါရှိသော သတင်းစာဖတ်ရှုနေပုံကို သရုပ်ဖော်ရေးဆွဲထားသည်။

စင်ကာပူအခြေစိုက် ကာတွန်းဆရာ ဟန်ကင်ဆောင်းက ယင်းကာတွန်းကို ရေးဆွဲပေးခဲ့သည်။ အဆိုပါကာတွန်းပုံသည် အိန္ဒိယနိုင်ငံကို ဆင်းရဲနွမ်းပါးသည့် နိုင်ငံအဖြစ် ချိုးနှိမ်ဖော်ပြရာ ရောက်သည်ဟု စာဖတ်ပရိသတ်၏ ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

**နယူးအင်ဒီးယန်းအိတ်စ်ပရက်။**

# နောက်ဆုံးမျိုးဆက် ရာသီဥတုလေ့လာရေးဂြိုဟ်တု ဂျပန် အောင်မြင်စွာ လွှတ်တင်

**တိုကျို အောက်တိုဘာ ၇**

ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီနှင့် မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်းတို့က နောက်ဆုံးမျိုးဆက် ရာသီဥတုလေ့လာရေးဂြိုဟ်တု ဟီမာဝါရီ-၈ ကို အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ကြေညာလိုက်သည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုနယ် တာနေးဂါးရှီးမား အာကာသဌာနရှိ ယိုရှီနိုဘူလွှတ်တင်ရေးအဆောက်အအုံ၌ အောက်တိုဘာ ၇ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီ ၁၆ မိနစ်တွင် H-IIA လွှတ်တင်ရေးယာဉ်အမှတ် ၂၅ ပေါ်ရှိ ဟီမာဝါရီ-၈ ဂြိုဟ်တု လွှတ်တင်ပြီးနောက် ၂၈ မိနစ်အကြာတွင် ဒုံးပျံနှင့်ဂြိုဟ်တုမှာ စီစဉ်ထားသည့်အတိုင်း ကွဲထွက်သွားခဲ့သည်။

ဟီမာဝါရီ-၈ မှာ ကမ္ဘာ့ပထမဆုံး မျိုးဆက်သစ်ရာသီဥတုလေ့လာရေးဂြိုဟ်တုဖြစ်မည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ဆိုသည်။ ခေတ်မီဟီမာဝါရီ ပုံရိပ်ဖမ်းစက်များ တပ်ဆင်ထားသည့် ဟီမာဝါရီ-၈ ရာသီဥတုလေ့လာရေးဂြိုဟ်တုမှာ ရာသီဥတုခန့်မှန်းခြင်း၊ ရာသီဥတုစောင့်ကြည့်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် အန္တရာယ် ကင်းစွာသယ်ယူပို့ဆောင်ရေး အစရှိသော နယ်ပယ်မျိုးစုံတွင် မိုးလေဝသဆိုင်ရာဝန်ဆောင်မှုများ ပိုမိုထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားသည်။ **ဆင်ဟွာ။**

# အာဏာပိုင်များနှင့် ဆွေးနွေးရန် ဟောင်ကောင်ဆန္ဒပြခေါင်းဆောင်များ သဘောတူ

ဟောင်ကောင် အောက်တိုဘာ ၇

**ဟောင်ကောင်အုပ်ချုပ်ရေးအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဒီမိုကရေစီအရေးလှုပ်ရှား တက်ကြွ သူများ၏ ခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဟောင်ကောင်ဒေသ၏ မြို့လယ်စီးပွားရေးလုပ်ငန်းများတည်ရာ အရပ်တွင် ဆန္ဒပြသူဦးရေ ရာဂဏန်းမျှသာ ကျန်ရှိတော့သည်။ လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်ကမူ သိန်းနှင့်ချီသော အရေအတွက်ရှိသည့် ဆန္ဒပြသမားများ ရှိနေခဲ့သည်။



ပြန်လည်တည်ငြိမ်အေးချမ်းမှု ရရှိလာသော ဟောင်ကောင်ဒေသတစ်နေရာကို တွေ့ရစဉ်။

ဟောင်ကောင် အုပ်ချုပ်ရေးမှူး လျောင်ချန်ယင်းသည် ဆန္ဒပြသမားများ လမ်းမများပေါ်မှ ရုပ်သိမ်းပေးရန်နှင့် အစိုးရရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပိတ်ဆို့မှုများ မပြုလုပ်ရန် သတိပေးခဲ့သည်။

၎င်း၏ သတိပေးချက်ကို ဆန္ဒပြသမားအများစုက လိုက်နာခဲ့ကြသော်လည်း ရာဂဏန်းမျှသော ဆန္ဒပြသမားများက အဓိကလမ်းမများပေါ်တွင် အောက်တိုဘာ ၆ ရက်ညအထိ စုဝေးနေခဲ့ကြသည်။

ထို့အတူပင် ရာ နှင့်ချီသော ဆန္ဒပြသမားများသည် မွန်ကောက် ပင်လယ်ဆိပ်ကမ်းအနီးတွင် စုဝေးနေခဲ့ကြသည်။

**ဘီဘီစီ။**

# ပါကစ္စတန်၌ ပိုလီယိုရောဂါဖြစ်ပွားသူ ယခုနှစ်တွင် စံချိန်တင်မြင့်တက်

**ကရာချိ အောက်တိုဘာ ၇**

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ ဦးရေ စံချိန်တင်မြင့်တက်လာကြောင်း၊ နိုင်ငံအနောက်မြောက်ပိုင်း၌ ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးသည့် အဖွဲ့များကို တာလီဘန်တို့က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ပိုလီယိုရောဂါဖြစ်ပွားသူ ဦးရေတိုးလာခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက အောက်တိုဘာ ၇ ရက်တွင် ပြောကြားကြသည်။

ဆရာဝန်များသည် သူလျှိုများဖြစ်ကြပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် လုပ်ငန်းမှာ မွတ်စလင်များ သားသမီးမထွန်းကားစေရေးအတွက် မြုံအောင်ပြုလုပ်လိုသည့် အနောက်အုပ်စုနိုင်ငံများ၏ အကြံအစည်ဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွများက စွပ်စွဲကြသည်။ ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်တစ်နှစ်တည်းမှာပင် ပိုလီယိုရောဂါဖြစ်ပွားသူဦးရေ ၂၀၀ အထိ ရောက်ရှိခဲ့ရာ ယင်းမှာ ၁၅နှစ်တာကာလအတွင်း စံချိန်တင်အရေအတွက် ဖြစ်သည်။ **ပီတီအိုင်**

# တောင်နှင့်မြောက်ကိုရီးယား စစ်ရေယာဉ်များ အပြန်အလှန် သတိပေးပစ်ခတ်ခဲ့ကြ

**ဆိုးလ် အောက်တိုဘာ ၇**

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေအငြင်းပွားနေသည့် အနောက်ဘက်ပင်လယ်နယ်ခြားဒေသ၌ အောက်တိုဘာ ၇ ရက်က မြောက်ကိုရီးယား ရေယာဉ်တစ်စင်း ခေတ္တခဏ ကျူးကျော်ဝင်ရောက်လာခဲ့ပြီးနောက် နှစ်နိုင်ငံစစ်ရေယာဉ်များက အပြန်အလှန် သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ကြကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ကြသော်လည်း နှစ်ဖက်စလုံးမှ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုသတင်းများ မရရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေး ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ စစ်ရေယာဉ်များအကြား အငြင်းပွားနေသည့် ပိုင်နက်ရေပြင်အတွင်း အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားလေ့ရှိသည်။

မြောက်ကိုရီးယား ထိပ်တန်းတာဝန်ရှိသူများ တောင်ကိုရီးယားနိုင်ငံသို့ မမျှော်လင့်ဘဲ သွားရောက်ခဲ့ကြပြီး တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးမှုများပြုလုပ်ရန် သဘောတူညီခဲ့ပြီးနောက် သုံးရက်အကြာတွင်ယခုဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

ပြည်တွင်းရေးရာ

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းလုပ်ငန်း ဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၇**

ရန်ကုန်မြို့ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ဆေးရုံအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်အား ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပစ္စည်းကိရိယာလိုအပ်ချက်များကို ဝန်ကြီးဌာနက ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အသည်းအစားထိုးကုသခြင်းကဲ့သို့သော ကိစ္စရပ်များကို ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အဖွဲ့ကိုယ်စား ဆေးရုံအုပ်ကြီးက လက်ခံ၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူပြီးသောလူနာ မခိုင်မေဇွန်စိုး၊ ဒေါ်ဥမ္မာဝင်းတို့နှင့် ကျောက်ကပ်လှူဒါန်းသူ အရှင်ဝါသေဋ္ဌနှင့် ဒေါ်သန္တာဝင်းတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ UK နိုင်ငံတော်ဝင်သမားတော်များအဖွဲ့မှ Professor David WARREL ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် Appraisal wells တူးဖော်ခြင်းလုပ်ငန်းကို Drilling Rig, NAGA-5 ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၁၄-၁၀-၂၀၁၄ ရက်မှ ၃၁-၈-၂၀၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်-

| Point | Latitude | Longitude |
|---|---|---|
| ASK-7 | 15° 26' 48.225" N | 95° 13' 57.816" E |
| ASK-8 | 15° 24' 47.906" N | 95° 18' 14.371" E |
| ASK-9 | 15° 25' 59.446" N | 95° 14' 27.923" E |
| ASK-10 | 15° 27' 43.607" N | 95° 13' 17.881" E |
| ASK-11 | 15° 25' 59.144" N | 95° 30' 6.9993" E |
| ASK-12 | 15° 26' 52.643" N | 95° 17' 41.138" E |

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ

**ထားဝယ် အောက်တိုဘာ ၇**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ**(ယာပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ထားဝယ်တိုင်းရင်းသားပါတီတို့မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးနိုင်သောနေရာများတွင် ရွေးကောက်ပွဲကျင်းပပေးသွားမှာ ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာကို ပဲ့ကိုင်မည့် လူထုကိုယ်စားလှယ်များ ရွေးချယ်သော ရွေးကောက်ပွဲသည် အရေးကြီးကြောင်း၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မှန်ကန်သောမဲစာရင်းရရှိရေး ရှေ့ပြေးစီမံချက်(Pilot Project)ဖြင့် စမ်းသပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ တစ်နိုင်ငံလုံး ကောက်ယူနိုင်ရေး ဆောင်ရွက်မည်ဖြစ်၍ ကူညီဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး(Voter Education) နှင့် အဆင့်ဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ လေ့ကျင့်ရေး (Voter Training) များပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အချိန်အကန့်အသတ်ကြားက ကျင်းပပေးနိုင်ခဲ့သော ၂၀၁၀ ရွေးကောက်ပွဲမှ အားနည်းချက်များကိုပြုပြင်ပြီး တတ်နိုင်သမျှ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် မဲစာရင်းနှင့်ကြိုတင်မဲပေးရာတွင် အားနည်းချက်မရှိအောင် နည်းဥပဒေများ ပြန်လည်ရေးဆွဲပြီး ဟာကွက်မရှိအောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်း (CSO) များ၊ မီဒီယာများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကိုလည်း လေ့လာသိရှိနိုင်ရန် စာအုပ်များရိုက်နှိပ်နေပြီဖြစ်ရာ မကြာမီ ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပါတီများ ဥပဒေနှင့်အညီဆောင်ရွက်ခြင်း မရှိပါကထောက်ပြပြီး ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဥပဒေအကာအကွယ်ရယူရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ပါတီများ၏ မေးခွန်းမေးမြန်းမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## သုံးသပ်ချက်စာတမ်းရေးသားရေးဆိုင်ရာ စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံမှ ကျွန်းငယ်ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ ကိစ္စရပ်များဌာနစိတ်၏ အကြီးအကဲဖြစ်သူ မစ္စတာပြဲအွန်ကွန့်သည် ဆပ်ကော်မတီများတွင်ပါဝင်သော ဝန်ကြီးဌာနများနှင့် အခြားဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများနှင့် တွေ့ဆုံ၍ သုံးသပ်ချက်စာတမ်းရေးသားရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးကို ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံမှ ကျွမ်းကျင်သူ မစ္စတာပြဲအွန်ကွန့်၊ မဟာဗျူဟာနှင့် မူဝါဒရေးရာ လေ့လာရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်ဦး၊ သုံးသပ်ချက်စာတမ်းပြုစုရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (Technical Expert Team) နှင့် အခြားဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကော့ကရိတ်ခရိုင်၌ ကျင်းပ

**ကော့ကရိတ် အောက်တိုဘာ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ရုံးမှ နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုသဘင် အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဓမ္မာရုံတွင် ကျင်းပရာ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မောင်စိုးက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၏ သဝဏ်လွှာကိုဖတ်ကြားကာ တစ်နှစ်တာထူးချွန်ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေး တာဝန်ရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(စိုးထက်အောင်)**



# ဖူးပွင့်ဝေစည်၊ ကြောင်းမည် တူရာသီ၊ သီတင်းကျွတ်

**တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)**

သီတင်းကျွတ်လကို ပေဒင်အခေါ်အားဖြင့် တူရာသီဟုခေါ်ခြင်း။ အဿဝဏီနက္ခတ်သည် "စန်း" ဟုခေါ်သောလမင်းနှင့် အတူယှဉ်ပြိုင်ထွန်းပနေခြင်း။ ရာသီပန်းများအနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း(ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ခြင်း၊ ရာသီပွဲအဖြစ် ဆီမီးမြင်းမိုရ်(ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိခြင်း၊ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာနှင့် ညတာညီမျှသောလဖြစ်ခြင်း စသည်တို့ကိုအကြောင်းပြုပြီး စာဆိုကင်းဝန်မင်းကြီးက **"သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုရ်အချာထွန်း"**ဟု စပ်ဆိုခဲ့ပေသည်။

ဤအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးရွာသွန်းမှုအားနည်းလာပြီး မိုးရာသီမကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုသာယာတော့မည့်ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင်ဖြစ်သည်။ ယင်းအချိန်တွင် "ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့" ဆိုသည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြပြီဖြစ်သဖြင့် အရပ်တစ်ပါးသို့ညဥ့်အိပ်ညဥ့်နေ ကြွချီတော်မူကြပြီဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေ၊ မီးအစုံစုံ တန်ခိုးပြာဋိဟာပြသတော်မူခဲ့သည်။

ယင်းပြာဋိဟာပွဲကြီးအပြီးတွင် မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ကြွမြန်းတော်မူ၍ သတ္တမဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်သို့ရောက်ရှိပြီး သန္တုသိတမည်သော မယ်တော်မိနတ်သားအမှူးပြုသည့် စကြဝဠာပေါင်း တိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့၊ ညမစဲ ဟောကြားတော်မူလေသည်။ ဘုရားရှင်၏ အဘိဓမ္မာတရားဟောကြားခြင်းသည် ဝါတွင်းသုံးလမြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည့်အခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေး၏။ ထိုစောင်းတန်းသုံးသွယ်တို့၏အခြေတို့ကား သင်္ကဿမြို့တံခါး၌ တည်ကုန်ပြီး စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌ တည်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက်ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက်ငွေစောင်းတန်းဖြင့်လည်းကောင်း အသီးသီးခြံရံလိုက်ပါသက်ဆင်းလာကြ၏။

ပဉ္စသိခ်နတ်သားက သုံးဂါဝုတ်ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက် ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွဲလွဲခတ်လျက်လည်းကောင်း သိကြားမင်းက ဝိဇယုတ္တခရုသင်းကို မှုတ်လျက်လည်းကောင်း၊ လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။

ထိုနည်းတူ ကျန်စကြဝဠာတိုက်တို့၌ နေထိုင်ကြကုန်သော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကို ပြုကြလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက်ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။ ထိုအချိန်တွင် သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿမြို့တံခါးသို့မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ဤသို့ မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးပူဇော်ပြီးနောက် ကျန်ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။ သင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံးလက်ယာ ခြေတော်ချရာအရပ်သည် နောင်သောအခါဝယ် **"အစလစေတိယဌာန"** ဟူ၍ အမည်ထင်ရှားလေသည်။ ဤသို့ ရှင်သာရိပုတ္တရာ အမှူးပြုသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းစုံပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြပူဇော်ပွဲကြီးကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ခဲ့ကြပေသည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာ တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကိုအကြောင်းပြု၍ **"တာဝတိံသာပွဲတော်"**ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူလာသည်ကို အကြောင်းပြု၍ **"မီးမြင်းမိုရ်ပွဲ"**ဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ကြပါသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာပရိသတ်တို့အား အကျယ်နည်းဖြင့် ဟောကြားခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ တစ်ဖန် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ **"အဘိဓမ္မာအခါတော်နေ့"** အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

ယင်းအဘိဓမ္မာတရားတော်တွင်-

(၁) ကုသိုလ်၊ အကုသိုလ်စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"၊
(၂) ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့်ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"၊
(၃) ဓာတ်အမျိုးမျိုးကိုဟောကြားသော "ဓာတုကထာကျမ်း"၊
(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"၊
(၅) အယူဝါဒနှင့်ဆိုင်သော စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့် ပြည့်စုံသော "ကထာဝတ္ထုကျမ်း"၊
(၆) အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"၊
(၇) အကြောင်းအမျိုးမျိုးကိုလည်းကောင်း၊ ကုသိုလ်စသောတရားတို့ကို (၂၄)ပစ္စည်းတို့ဖြင့်လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း"ဟူ၍ ၇ ကျမ်းရှိပါသည်။

အဆိုပါ အဘိဓမ္မာတရားတော်သည်-

(၁) မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့်ဟောကြားတော်မူသော တရားဖြစ်ခြင်း၊
(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊
(၃) မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊
(၄) ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီဟောကြားတော်မူခြင်း

ဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပါသည်။ ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပါသည်။

အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်သင်ကြားနာယူရခြင်းကြောင့်-

(၁) လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊
(၂) မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊
(၃) ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေခြင်း၊
(၄) ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံစေခြင်း စသည့်အကျိုးတရားများ ရရှိနိုင်ကြပေသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်အချင်းချင်း အပြန်အလှန်ဖိတ်ကြားသည့် (ဝါ) တိုက်တွန်းတောင်းပန်ကြသည့်ပွဲဖြစ်လေသည်။ ပဝါရဏာပွဲတွင် သိက္ခာဝါအကြီးဆုံးမထေရ်ကြီးက- "ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"ဟု သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်၊ ဝါလိုက်သံဃာကုန်သည်အထိ သုံးကြိမ်စီ ရိုသေစွာ ဖိတ်ကြားကြရ၏။ ထိုဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ်ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသည့်အခါ တစ်ခါတစ်ရံ အကြီးဆုံးသံဃနာယကမထေရ်ကြီးက သံဃာများအား ဩဝါဒစကားမိန့်ကြားတော်မူလေ့ရှိပေသည်။

ဤသို့ ရဟန်းသံဃာတော်များအချင်းချင်း အပြန်အလှန်ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲ ဟုခေါ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့အဖို့ ဝါကျွတ်ချိန်ခါဖြစ်ပြီး ထိုအချိန်တွင် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့လေ့ရှိကြပေသည်။

ယင်းသို့ ဝါကျွတ်ကန်တော့ပွဲကို မြန်မာမင်းများလက်ထက် နန်းတော်တွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပုံကို စာဆိုဦးကြော့၏ သီတင်းကျွတ်လဖွဲ့တေးထပ်တွင် **"ဆဒ္ဒန်နို့ပိုင့် ညီလာခံသည်၊ သီဟာပျံ့ဗွေမော့၊ ဒီပါလျှံကေ လျှော့လို့၊ ရွှေကန်တော့ခံချိန်၊ ရတနာထီးစင်းကြို့၊ မီးမြင်းမိုရ်ညီးပျို့ထိန်ထိန်"** ဟု ရေးဖွဲ့ထားပါသည်။

ဤသို့ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် ဤသီတင်းကျွတ်လပြည့်နေ့၌ မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများပူဇော်ထွန်းညှိကြိုဆိုကြပုံတို့ကိုရည်မှန်းကာ မြတ်စွာဘုရားဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်သင်ကြားနာယူကြလျက် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသတည်း။ ။














# ရေသယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းကာကွယ်ရန်အရေးကြီး

**နေပြည်တော် အောက်တိုဘာ ၇**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးဟိုတယ်၌ ကျင်းပသည့် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးငါးနှစ်စီမံချက်ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတွင် ရေချိုသယံဇာတများဖြစ်သည့် မြစ်ကြီးလေးသွယ်နှင့် အင်းတော်ကြီး၊ အင်းလေးနှင့် မိုးယွန်းကြီးအစရှိသော သဘာဝရေချိုကန်ကြီးများရှိနေပြီး ထိုကန်များအနက် အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၈၀၀ ကျော်တွင်တည်ရှိသည့်အတွက် ထူးခြားသည့် ကုန်းမြင့်ဒေသ ရေချိုကန်ကြီးတစ်ခု ဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ် နွေရာသီတွင် အင်းလေးကန်အတွင်း ရေခမ်းခြောက်မှုဖြစ်ပွားခဲ့ပြီး ဒေသတွင်း လူမှုစီးပွားရေးလုပ်ငန်းများထိခိုက်ခြင်းနှင့် ပြည်သူလူထုစားဝတ်နေရေးအပေါ် ဆိုးကျိုးသက်ရောက်မှု ကြုံတွေ့လာရသောကြောင့် နိုင်ငံတော်အစိုးရက အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေး အမျိုးသားအဆင့်ကော်မတီ(၁)ရပ်ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီမှ "၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးငါးနှစ်စီမံချက်"ကို ရေးဆွဲခဲ့ပါကြောင်း၊ ကုလသမဂ္ဂ(UN) အဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့်သုတေသနလုပ်ငန်းများမှ ပညာရှင်များ၊ NGO များပါဝင်သည့် ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ရေးဆွဲခဲ့ပြီး စီမံချက်တွင် လုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်၍ လုပ်ငန်းအမယ်ပေါင်း ၃၅ မျိုးကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်း၏ရည်ရွယ်ချက်များ ပြည့်မီရေးအတွက် နော်ဝေနိုင်ငံအစိုးရနှင့် UNDP တို့၏ ရန်ပုံငွေနှင့် နည်းပညာအကူအညီများဖြင့် "အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်း"ကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတကာဖွံ့ဖြိုးရေးသိပ္ပံ (Institute for International Development-IID)၊ UN-Habitat နှင့်အခြားသောအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အင်းလေးကန်ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်အခြေအနေများ တည်ငြိမ်ရေးတို့ကိုပါ အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးဌေးအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr.Thierry Mathou နှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ညောင်ရွှေမြို့နယ် မိုင်းသောက်ဒေသရှိ Novotel Inlay Lake ဟိုတယ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အင်းလေးကန်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နုန်းစုပ်ယူခြင်းလုပ်ငန်း၊ အင်းလေးကန်ဘေးမဲ့တော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသငါးမျိုးများ ပြန်းတီးပျောက်ကွယ်မှု မရှိစေရေး၊ ဒေသခံငှက်များနှင့် ဆောင်းခိုငှက်များ နားခိုရှင်သန်ပေါက်ပွားရာ နေရင်းဒေသ(Habitat)များ ပျက်စီးမှုမရှိစေရေးအတွက် ငါးမဖမ်းရဇုန်နှင့် စက်လှေရေလမ်းကြောင်းများ ကန့်သတ်ထားရှိရေး၊ ခရီးသွားဧည့်သည်များ ငှက်လေ့လာကြည့်ရှုနိုင်ရန် ငှက်ကြည့်စင်နှင့်ပညာပေးပြခန်းများ ပြန်လည်မွမ်းမံပြုပြင်ရေး၊ ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် လွယ်ငြိမ့်ကျေးရွာ၌ လွယ်ငြိမ့်ကျေးရွာ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အင်းလေးကန်ကြီးသည် မြန်မာနိုင်ငံ၏ အထင်ကရယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်တစ်ခု ဖြစ်ပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အလွန်အရေးပါသည့် ရေကန်ကြီးတစ်ခုဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကန်၏ ရေပြင်ဧရိယာလျော့နည်းလာခြင်း၊ ရေစီးဝင်မှုပမာဏနည်းပါးလာခြင်း၊ ရေဝေရေလဲဒေသအတွင်း သစ်တောပြုန်းတီးခြင်းနှင့်အခြားမြေအသုံးချမှုများကြောင့် မြေဆီလွှာတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်း၊ ကန်အတွင်း နုန်းပို့ချမှုများပြားလာခြင်း၊ ကျွန်းမျောစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာခြင်း၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုကြောင့် ရေ၏အရည်အသွေး ကျဆင်းလာခြင်းစသည့်ပြဿနာများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်းများ တိုးချဲ့လာပြီး စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးရေညစ်များ ကန်အတွင်းသို့ စွန့်ပစ်မှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် အပူရှိန်မြင့်မားခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းသည်လည်း အင်းလေးကန်ရေရှည်တည်တံ့ရေးကို ထိခိုက်စေလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ပို့ကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာစံပြ သီးနှံသစ်တောစနစ်ဖြင့် စိုက်ပျိုးတည်ထောင်ထားသည့် လျှော်ကားထစ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ကို ရေပေးဝေလျက်ရှိသည့် ထီသိမ်ကန်ရေဝေရေလဲ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ထီသိမ်ကန်အနီးပတ်ဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသား တောင်သူများအား တွေ့ဆုံသည်။

ထို့နောက် တောင်လေးလုံးသစ်တောသုတေသနစခန်းရှိ သုတေသနပျိုးဥယျာဉ်နှင့် စိုက်ပျိုးတည်ထောင်ထားသော ထင်းရှူးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာရှယူ-၁၉ ချန်ပီယံရှစ်(၂၀၁၄) ဘောလုံးပြိုင်ပွဲဝင် အသင်းများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ချန်ပီယံရှစ် (၂၀၁၄) ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ်မှ မစ္စတာလူဇန်နေ့ဖ်ပါဘယ်လ်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဦးဌေးအောင်တို့က အာရှဘောလုံးအဖွဲ့ချုပ်နှင့် ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်မှ မစ္စတာ လူဇန်နေ့ဖ်ပါဘယ်လ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အာရှယူ-၁၉ ချန်ပီယံရှစ်(၂၀၁၄) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် သုဝဏ္ဏဘောလုံးကွင်းတို့၌ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်နှင့် နောက်ဆုံးဗိုလ်လုပွဲကို အောက်တိုဘာ ၂၃ ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ အုပ်စု(ဂ)မှ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု(ဃ)မှ အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး သုဝဏ္ဏဘောလုံးကွင်း၌ အုပ်စု(က)မှ အိမ်ရှင်မြန်မာ၊ အီရန်၊ ထိုင်း၊ ယီမင်၊ အုပ်စု(ခ)မှ ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ ယူအေအီးနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ကိုကိုစိုးညွန့်**




# မှုခင်းကင်းစင်နယ်မြေ မြေစိုက်ပိုစတာစိုက်ထူ

**ခမောက်ကြီး အောက်တိုဘာ ၇**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းလာသည့်အတွက် နယ်မြေရဲတပ်ဖွဲ့စခန်းမှူးက မြခွာညိုလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မှုခင်းကင်းစင်နယ်မြေ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်းသိရသည်။

မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ NGOအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ယခုကဲ့သို့ မှုခင်းကင်းစင်နယ်မြေ မြေစိုက်ပိုစတာကို အသိအမှတ်ပြုစိုက်ထူပေးခြင်းနှင့်ပတ်သက်၍ ခမောက်ကြီးမြို့နယ်ခွဲ နယ်မြေရဲတပ်ဖွဲ့စခန်းမှူးက အမှတ်(၁) ရပ်ကွက်ပြည်သူများသည် ရပ်ကွက်အတွင်းဖြစ်ပေါ်လာနိုင်သော မှုခင်းဖြစ်စဉ်များကို ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအသိရှိစွာဖြင့် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် ရပ်ကွက်အတွင်း မှုခင်းဖြစ်ပွားမှုများ လျော့ပါးကျဆင်းလာကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အသိအမှတ်ပြု မှုခင်းကင်းစင်နယ်မြေ မြေစိုက်ပိုစတာကို စုပေါင်း စိုက်ထူခဲ့ကြောင်းသိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**



## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

မိသားစုများက လာရောက်ကြိုဆိုကြသလို တချို့မှာ လာရောက်ကြိုဆိုမည့်သူမရှိ၍ တစ်ကိုယ်တည်း အိမ်ပြန်ကြသူများကိုလည်း တွေ့မြင်ရသည်။ တစ်ကိုယ်တည်း ဖြစ်နေသူတစ်ဦးအား မေးမြန်းခဲ့ရာတွင် ၎င်း၏အမည်မှာ ဦးအဲကျန်းဖြစ်ပြီး အသက်(၅၉)နှစ်ဖြစ်ကြောင်း၊ ထောင်ကျခဲ့



မြိတ်အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခိုင်ထူး)

သည့်နှစ်မှာ (၁၉)နှစ်ဖြစ်ကြောင်း၊ ယခု (၁၆)နှစ်ပြည့်ပြီး လွတ်ငြိမ်းသက်သာခွင့်ဖြင့် ထွက်လာရသဖြင့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ကြောင်း၊ ၎င်းမှာ ကျောက်မဲမြို့မှဖြစ်၍ ကျောက်မဲသို့ ဘယ်လိုပြန်ရမည်ကို စဉ်းစားနေကြောင်း၊ မိသားစုနှင့် အမြန်ဆုံးပြန်တွေ့လို၍ မြန်မြန်ပြန်မည်ဖြစ်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားသွားသည်။

ယင်းနောက် လွတ်မြောက်လာသူ အမျိုးသမီးများအနက် ဒေါ်လှဝင်းက "ကျွန်မက လောင်းကစားမှုနဲ့ ထောင်တစ်နှစ်ခွဲကျတာပါ၊ ထောင်ထဲမှာ တစ်နှစ်လောက်နေခဲ့ပြီး လပိုင်းပဲကျန်တော့တာပါ၊ ကျွန်မလွတ်မယ်ဆိုတာ မနက်ကမှ သိရတာပါ၊ ကျန်နေတဲ့သူတွေအတွက် စိတ်မကောင်းပါဘူး။ အခုလွတ်တဲ့သူတွေက ထောင်ထဲမှာ အနည်းဆုံး တစ်နှစ်ကျခံပြီးသူ၊ ရက်ကျန်ခြောက်လလောက်ရှိတဲ့သူတွေကို လွှတ်ပေးတယ်လို့သိရပါတယ်။ ဘာပဲပြောပြော သီတင်းကျွတ်လပြည့်အမီ မိသားစုနဲ့ ပြန်တွေ့ရမှာဆိုတော့ အရမ်းဝမ်းသာမိပါတယ်" ဟု ဝမ်းသာအားရ ပြောဆိုခဲ့သည်။ **(ငွေးအောင်-ကြေးမုံ)**

အဆိုပါ လွတ်မြောက်အကျဉ်းသားများထဲတွင် မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသား ခုနစ်ဦး ပါဝင်ခဲ့ပြီး လွတ်ငြိမ်းသက်သာခွင့်ရရှိမှုအပေါ် မိတ္ထီလာ အကျဉ်းထောင်ဦးစီးမှူး ဦးခင်မောင်ထွန်းက "အင်မတန်ဝမ်းသာစရာကောင်းတဲ့ ကိစ္စပါ။ ကျွန်တော်မိတ္ထီလာအကျဉ်း ထောင်ကို ၂၀၁၃ ခုနှစ်ကရောက်ပြီး နောက်ပိုင်း သုံးကြိမ်တိတိ လွတ်ငြိမ်း ချမ်းသာခွင့်နဲ့ ကြုံတွေ့ခဲ့ရပြီးပါပြီ။ စုစုပေါင်း ၁၄၀ လွတ်ငြိမ်းသက်သာခွင့် ရသွားပါပြီ။ အကျဉ်းသားတွေ အခုလို လွတ်ငြိမ်းသက်သာခွင့်နဲ့ ပြစ်ဒဏ်က ကင်းလွတ်ခွင့်ရတိုင်း ကျွန်တော်ဝမ်းသာမိပါတယ်။ အကျဉ်းသားတွေ ဝမ်းသာတာထက် မပိုတောင် သူတို့နဲ့ထပ်တူ ဝမ်းသာမိပါတယ်။ အကျဉ်းသားတွေရဲ့ စိတ်ဓာတ်ကို လုပ်သက် ၃၆ နှစ် အတွင်းမှာ ကောင်းကောင်းနားလည်ခဲ့ပါတယ်။ တော်တော်များများက အကျဉ်းထောင်ထဲ ရောက်ပြီးရင် မိသားစုနဲ့နေခဲ့တဲ့ဘဝကို ပြန်တမ်းတပြီး နောင်တရသွားကြတာများပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်ပြီး လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား ကျော်နိုင်သူ(ခ) စိုင်းလုံ(အသက် ၂၁)နှစ်က "ရှမ်းပြည်နယ် ဖယ်ခုံမြို့ဇာတိပါ။ မူးယစ်ဆေးဝါးမှုနဲ့ ၁၀ နှစ်ကျခံရတာပါ။ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နောင်ဆို ဥပဒေနဲ့မလွတ်ကင်းတဲ့ အလုပ်တွေကို လုံးဝမလုပ်တော့ဖို့လည်း ဆုံးဖြတ်ထားပါတယ်"ဟု ပြောသည်။ ထို့နောက် လွတ်ငြိမ်းသက်သာခွင့်ရ အောင်ကိုလတ် (အသက် ၂၂)နှစ်က "မူးယစ်-၁၆(ဂ)/၂၁ နဲ့ ပြစ်ဒဏ်ခြောက်နှစ်ကျခံရတာပါ။ ပြစ်ဒဏ်အရ လျှော့ရက်နုတ်ပြီးဆို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှာ လွတ်မှာပါ။ ဝမ်းသာပါတယ်။ အခုလို လွတ်ငြိမ်းသက်သာခွင့်ပြုသူတွေ ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဆိုသည်။ ထို့နောက် ကျော်မင်းခိုင်(အသက် ၂၁) နှစ်ကလည်း ရာ-၃၇၅/၅၁၁ နဲ့ ပြစ်ဒဏ် တစ်နှစ်ခြောက်လကျတာ ဖြစ်ပါတယ်။ တစ်နှစ် နှစ်လနဲ့ ၆ ရက်ကျခံပြီးပါပြီ။ နောက်ဆို လိမ္မာပါတော့မယ်။ လွတ်ငြိမ်းသက်သာခွင့်ရလို့ ဝမ်းသာမိပါတယ်။ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ရှင်းပြသွားသည်။ **ချမ်းသာ(မိတ္ထီလာ)**



မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားအချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ချမ်းသာ)

ထို့အတူ သီပေါအကျဉ်းထောင်မှ သက်ကြီးအကျဉ်းသား တစ်ဦးနှင့် စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသော အကျဉ်းသား ၁၈ ဦး စုစုပေါင်း ၁၉ ဦးကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

အဆိုပါ လွတ်မြောက်ခွင့်ရရှိသူများအား အောက်တိုဘာ ၇ရက် မွန်းလွဲ ၁ နာရီက သီပေါအကျဉ်းထောင်ရိပ်သာ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်တရားသူကြီး ဦးဝင်းဦးနှင့် သီပေါထောင်မှူး ဦးစီးအရာရှိ ဦးခင်ရွှေတို့က ဆုံးမဩဝါဒစကားများပြောကြားကာ သီပေါထောင်မှူးက လွတ်မြောက်ခွင့်လက်မှတ်နှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။ လွတ်မြောက်လာသူများအား မိသားစုများက ဝမ်းသာပျော်ရွှင်စွာ ကြိုဆိုကြသည်။ **စိုင်း(သီပေါ)**

ထို့အပြင် ပဲခူးအကျဉ်းထောင်မှလည်း ကျား ၁၅ ဦး၊ မ နှစ်ဦး စုစုပေါင်း ၁၇ ဦးအား လွှတ်ပေးသည့် အခမ်းအနားကို ပဲခူးအကျဉ်းထောင်ရိပ်သာတွင် ပြုလုပ်ခဲ့ရာ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးဦးရဲထွဋ်က လွှတ်ပေးသည့် အကျဉ်းသားများကို ပညာပေးဆုံးမစကားများပြောကြားခဲ့ပြီး ပဲခူးအကျဉ်းထောင်မှူး ဦးစီးအရာရှိ ဦးသန်းနိုင်က လိုအပ်သောလမ်းစရိတ်၊ စားစရိတ်များအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(၀၇၅)**

ဆက်လက်၍ မြိတ်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သော အကျဉ်းသားအကျဉ်းသူများအား မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်နှင့် မြိတ်အကျဉ်းထောင် တာဝန်ခံထောင်မှူး ဦးညွန့်ဝင်းတို့က နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာကို နားလည်သဘောပေါက်ပြီး ကောင်းမွန်စွာနေထိုင်သွားကြရန် ဆုံးမစကားပြောကြား၍ မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၂၅ ဦး၊ အကျဉ်းသူ နှစ်ဦး စုစုပေါင်း၂၇ ဦးတွင် ၂၆ ဦးအား တစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်းနှင့် လုပ်အားရှင်ခံစားခွင့်ရရှိသော အကျဉ်းသားတစ်ဦးအား ကျပ် ၁၈၄၀၀ ကို ထောက်ပံ့ပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မြိတ်မြို့နယ် ကျောက်ဖြူတောင် ကျောက်ထုတ်လုပ်ရေးစခန်းမှ အကျဉ်းသား ငါးဦး၊ တနင်္သာရီမြို့နယ် အမှတ်(၄) ဆင်ဖြူရှင်စိုက်ပျိုးထုတ်လုပ်ရေးအကျဉ်းစခန်းမှ အကျဉ်းသား ၂၄ ဦးနှင့် ပလောက်မြို့ နတ်စင်တောင် ကျောက်ထုတ်လုပ်ရေးစခန်းမှ သုံးဦးတို့အား မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ပြည်သူအများနည်းတူ ဆောင်ရွက်နိုင်စေရန်အတွက် ပြစ်ဒဏ်မှ လျှော့ပေါ့၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(ခိုင်ထူး)**



လားရှိုးအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများကို ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-ဟန်ငွေး)

အလားတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်အကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ (၄၀၁) ပုဒ်မခွဲ (၁) အရ အကျဉ်းသားအကျဉ်းသူ ၁၃ ဦးအား စက်တင်ဘာ ၇ ရက်တွင် လွတ်ငြိမ်းသက်သာခွင့်ပေးပြီး ထောက်ပံ့ကြေးငွေ တစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်းနှင့် လုပ်အားရှင်ကိုးဦးခံစားခွင့်ငွေများကို ပေးအပ်၍ လျှော့ရက်စနစ်ဖြင့် ကြိုတင်လွတ်သူ ဦးရေ သုံးဦး စုစုပေါင်း ၁၆ ဦးဖြစ်သည်။ အဆိုပါ အကျဉ်းထောင်တွင် ထားဝယ်ထောင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်း၊ ထားဝယ်မြို့မ ရဲစခန်း ဒုရဲမှူး စိန်ဒွေးနှင့် တာဝန်ရှိသူများသည် အကျဉ်းသားအကျဉ်းသူ ၁၃ ဦးအား ဆုံးမဩဝါဒစကား ပြောကြားခဲ့ကြောင်းသိရသည်။ **(ထားဝယ်ခရိုင်ပြန်/ဆက်)**


ပဲခူးအကျဉ်းထောင်ဦးစီးအရာရှိက လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား ထောက်ပံ့စရိတ် ပေးအပ်စဉ်။ (ဓာတ်ပုံ-၀၇၅)

ဖျာပုံအကျဉ်းထောင်တွင်လည်း အကျဉ်းသား အကျဉ်းသူ ၁၄ ဦး လွှတ်ပေးခဲ့သည်။ အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ဖျာပုံအကျဉ်းထောင်မှူး ဦးအေးသန်းတို့က လွတ်မြောက်မည့် အကျဉ်းသား အကျဉ်းသူများအား အားပေးဆုံးမစကားများပြောကြားကာ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သူဇာနွယ်(ဖျာပုံ)**

မော်လမြိုင် အကျဉ်းထောင်မှလည်း အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီတွင် အကျဉ်းသား ၂၉ ဦးနှင့် အကျဉ်းသူ ငါးဦး စုစုပေါင်း ၃၄ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိရာ လွတ်မြောက်လာသူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

"ကျွန်မက မိခင်ဖြစ်သူ ဒေါ်အေးခိုင်နဲ့အတူ သားအမိနှစ်ယောက်လုံး မူးယစ်ဆေးဝါးဥပဒေအရအရေးယူခံရပြီး ၂၀၁၀ ခုနှစ်က ပြစ်ဒဏ် ၁၅ နှစ် ကျခံခဲ့ရတာပါ။ ထောင်ထဲမှာ ဒီနေ့ ၁၁နာရီလောက်က လွတ်ငြိမ်းခွင့်ရမယ်လို့သိရတော့ အရမ်းဝမ်းသာမိသွားပါတယ်၊ အခုလို ထောင်ကလွှတ်ပေးတော့ ထောင်ဗူးဝမှ ထွက်ထွက်ချင်း ဖခင်ကို တွေ့ရတော့ အားရပါးရဖက်ပြီး ငိုခဲ့မိပါတယ်။ အခုလို ပြစ်ဒဏ်က လွတ်ငြိမ်းခွင့်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့တကွ နိုင်ငံတော်အကြီးအကဲများကို ကျေးဇူးတင်မဆုံး ဖြစ်မိပါတယ်"ဟု မော်လမြိုင် အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိခဲ့သူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြံတောကျေးရွာမှ မပွင့်ပွင့်ဦး (၂၆)နှစ်က ပြောသည်။ **သိန်းလှိုင်(မော်လမြိုင်)**


မော်လမြိုင် အကျဉ်းထောင်မှ လွတ်ငြိမ်း သက်သာခွင့်ရ အကျဉ်းသူ တစ်ဦးအား ကြိုဆိုသူ ၎င်း၏ ဖခင်နှင့် အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-သိန်းလှိုင်)

ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အကျဉ်းဦးစီးဌာန အကျဉ်းထောင်မှ အကျဉ်းသူ သုံးဦး၊ အကျဉ်းသား ၂၉ ဦး စုစုပေါင်း ၃၂ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုသည်။ ၎င်းတို့အား ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေက ဆုံးမဩဝါဒစကားပြောကြားကာ အကျဉ်းဦးစီးဌာန ထောင်မှူး ဦးအေးလွင်နှင့် ဝန်ထမ်းများက လိုအပ်သည်များထောက်ပံ့ပြီး ကားဂိတ်၊ မီးရထားဘူတာရုံသို့ ကားဖြင့် ပို့ဆောင်ပေးခဲ့သည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

**စာမျက်နှာ ၉ သို့ ✳**

# အာဆီယံ-အမေရိကန် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ-အမေရိကန် လုပ်ငန်းစဉ်တို့ ပူးပေါင်း၍ အာဆီယံ-အမေရိကန် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ**(ယာပုံ)** လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမေရိကန်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး Mr.Luis CdeBaca၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ မီဒီယာများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် လူကုန်ကူးမှုပြဿနာသည် ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ယနေ့ကမ္ဘာတွင် ပြန်လည်ပေါ်ပေါက်လာသော ပြဿနာတစ်ခုအဖြစ် ရှေ့တန်းသို့ ရောက်ရှိလာနေပြီဖြစ်ပါကြောင်း၊ လူသားချင်းစာနာမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်မှုလုပ်ရပ်များသည် လူသားများ၏ အခြေခံလူ့အခွင့်အရေးကို အကြီးမားဆုံးချိုးဖောက်လျက်ရှိသဖြင့် ကမ္ဘာ့နိုင်ငံအများစုကို စိန်ခေါ်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသောကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူထားသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုနှင့် အာဆီယံနိုင်ငံများ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးအချို့ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်ခဲ့ပါကြောင်း။

အာဆီယံလူကုန်ကူးမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းနှင့် ဒေသတွင်းလုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ (၆) ကြိမ်မြောက် နည်းပညာကျွမ်းကျင်သူလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဇွန် ၃ ရက်မှ ၆ ရက်အထိအောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ထိုအစည်းအဝေးတွင် အာဆီယံကွန်ဗင်းရှင်းမူကြမ်းပထမအဆင့် အချောသပ်ရေးဆွဲပြီးစီးခဲ့ပါကြောင်း၊ ယခုပြုလုပ်သော အစည်းအဝေးမှာ အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးဖြစ်ပါကြောင်း၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မြန်မာ-အမေရိကန် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် Joint Plan ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်မှာ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ရဲချုပ်နှင့် အမေရိကန်နိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး Mr.Luis CdeBaca ဦးဆောင်သောအဖွဲ့တို့ ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ပါကြောင်း၊ လွန်ခဲ့သော (၁၄)နှစ်ကာလကတည်းက အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ကမ္ဘာ့နိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သော နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုအစည်းအဝေး၏ ရည်ရွယ်ချက်သည်လည်း နိုင်ငံများအပေါ် လေ့လာသုံးသပ်ပုံ၊ သတင်းအချက်အလက်များနှင့် စာရင်းဇယားများရယူပုံ၊ အစီရင်ခံစာပြုစုသောနည်းနာနှင့် နိုင်ငံအလိုက် အကဲဖြတ်အဆင့် သတ်မှတ်ပုံများကို ဆွေးနွေးကြမည်ဖြစ်၍ အာဆီယံနိုင်ငံများအတွက် အမေရိကန်နိုင်ငံ၏ အစီရင်ခံစာနှင့် ပတ်သက်သော အချက်အလက်များအား အလေးထားဂရုပြုသည့် အချက်အလက်များကို သိရှိလာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ယခုလို အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် အစီရင်ခံစာရေးသားဟန်၊ အစီရင်ခံစာ ရေးသားပုံနည်းလမ်းများ၊ နိုင်ငံများအပေါ် အဆင့်သတ်မှတ်ပုံများ၊ သတ်မှတ်ရသည့်အကြောင်းရင်းများ၊ နိုင်ငံအသီးသီးအပေါ် ထောက်ခံအကြံပြုချက်များနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် မည်သို့လက်တွဲအကောင်အထည်ဖော်ရမည်ကို ဆွေးနွေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်ထုတ်ပြန်နေသော အမေရိကန်နိုင်ငံ၏ အစီရင်ခံစာသည် မည်ကဲ့သို့ရည်ရွယ်ချက်နှင့် ထုတ်ပြန်နေသည်ကို အာဆီယံနိုင်ငံများ သိရှိသွားမှာဖြစ်သလို နှစ်စဉ်သုံးသပ်ချက်၏ လုပ်ငန်းစဉ်ကို သိရှိကြမှာဖြစ်ပါကြောင်း၊လူကုန်ကူးမှုဖြစ်ပေါ်စေသော အကြောင်းတရား၊ တကျိုးတရားများသည် အချိန်နှင့်အမျှ ပြောင်းလဲနေရုံမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်ပါ ဆက်စပ်လျက်ရှိနေပါကြောင်း၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်အယူဝါဒတို့နှင့်လည်း ဆက်စပ်နေသည့်အတွက် တစ်နိုင်ငံချင်းစီ၏ မတူညီမှု၊ ခြားနားမှုများ၊ အခြေအနေများပေါ်ကိုလည်း စဉ်းစားရန်လိုပါကြောင်း၊ ယနေ့ဆွေးနွေးမှု၏ ရင်းနှီးမှုသည် လူကုန်ကူးမှုကိစ္စရပ်သာမက အာဆီယံနှင့် အမေရိကန်နိုင်ငံတို့၏ အခြားပူးပေါင်းဆောင်ရွက်မှုများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကဏ္ဍများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု မျှော်လင့်ပါကြောင်း၊ အမေရိကန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အသိတူ၊ အမြင်တူနှင့် ယခင်ကထက် နီးနီးကပ်ကပ် ပူးပေါင်းတိုက်ဖျက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမေရိကန်နိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး H.E.Ambassador Luis CdeBaca က အမှာစကားပြောကြားသည်။

နေ့လယ်ပိုင်းတွင် အမေရိကန်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး H.E.Ambassador Luis CdeBaca နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းတို့က တွဲဖက်သဘာပတိများအဖြစ် လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ဥပဒေရေးရာအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစစ်အေးနှင့် အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်တို့က လေ့လာသူများအဖြစ် လည်းကောင်း၊ တက်ရောက်လာသည့် အာဆီယံနိုင်ငံကိုယ်စားလှယ်များမှလည်းကောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာနှင့် စပ်လျဉ်းသည့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဥပဒေ၊ ခေတ်သစ်ကျေးကျွန် တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသော အဆင့်သတ်မှတ်ချက်စံနှုန်းများပါ နိုင်ငံတကာဥပဒေ၊ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်များ၊ အာဆီယံနိုင်ငံအသီးသီး၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာပါ သုံးသပ်ချက်၊ အနိမ့်ဆုံးစံနှုန်းနှင့် အဆင့်သတ်မှတ်ချက်များနှင့် အာဆီယံ-အမေရိကန် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညနေ ၅ နာရီခွဲတွင် ဆွေးနွေးပွဲပြီးဆုံးခဲ့ကြောင်းနှင့် ညပိုင်းတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ကန်တော်ကြီးကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✳ စာမျက်နှာ ၈ မှ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အကျဉ်းထောင်မှ အောက်တိုဘာ ၇ ရက် ည ၆ နာရီအချိန်က ပြစ်ဒဏ်ကျခံနေရသူများအနက် လျှော့ပေါ့ကင်းလွတ်ခွင့်နှင့် စုစုပေါင်း ၇၉ ဦး လွတ်မြောက်ခဲ့သည်။

လားရှိုး အကျဉ်းထောင်တွင် အမှုမျိုးစုံကျခံနေရသူများမှ လွတ်မြောက်သူများမှာ နိုင်ငံခြားသား (တရုတ်) လူမျိုး ကျား ၃၆ ဦး၊ (မ)ကိုးဦး၊ မြန်မာနိုင်ငံသားကျား ၂၃ ဦး၊ မ ၁၀ ဦးနှင့် အသက်(၇၅)နှစ်ကျော် ကျားတစ်ဦး ပါဝင်သည်။ နိုင်ငံခြားသား ၄၅ ဦးတို့အား တစ်ဖက်နိုင်ငံသို့ ပြန်လည်ဆက်သွယ်အပ်နှံရန်အတွက် ညနေ ၄ နာရီခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ တစ်နိုင်ငံလုံးမှ ပြစ်ဒဏ်ကျသူများ၌ နိုင်ငံခြားသားပြစ်ဒဏ်ကျခံရသူ ၅၈ ဦးရှိပြီး လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၄၅ ဦး လွတ်မြောက်ကြောင်းသိရသည်။

ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာသူ မြန်မာနိုင်ငံသားများအား လားရှိုးအမှတ်(၂) ရဲစခန်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်နိုင်ရေး တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။ **ဟန်ငြေး(iprd)**



ရမည်းသင်းအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများကို ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-လှိုင်သန်းတင့်)



ထားဝယ်ထောင်မှူးက လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသားများအား ဆုံးမဩဝါဒစကား ပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

**▲ ပျောက်ဆုံးရဟတ်ယာဉ်မှ**

ဦးအောင်မြတ်တိုးနှင့် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇ၏ ကိုယ်ရေးလက်ထောက် ဦးရွှေရင်တော်ကြီးတို့နှင့် ယနေ့ညနေတွင် အဆက်အသွယ်ပြန်လည်ရရှိခဲ့ပြီ ဖြစ်ကြောင်း သတင်းရရှိခဲ့သည်။ ထူးဖောင်ဒေးရှင်းပြန်ကြားရေးတာဝန်ခံ ကိုဖြိုးကိုကိုက "ဒါတကယ့် သတင်းကောင်းပါ။ ကျွန်တော်တို့ အတိုင်းမသိဝမ်းသာခဲ့ရပါတယ်။ ဥက္ကဋ္ဌကိုယ်တိုင် နောင်မွန်းမြို့နယ်တစ်ဝိုက် ပိုက်စိပ်တိုက်ရှာနေရင်း ကိုရွှေရင်တော်ကြီးက ဆက်သွယ်ရေးစက်မှတစ်ဆင့် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က နောင်မွန်းရွာအနီး လန်ဆာထုကျေးရွာသို့ မိမိရောက်ရှိနေကြောင်း၊ အသက်ရှင်လျက်ရှိနေကြောင်း အကြောင်းကြားခဲ့ပါတယ်။ သတင်းရတာနဲ့ တစ်ပြိုင်နက် နောင်မွန်မှ B3 ရဟတ်ယာဉ်တွေနဲ့ လန်ဆာထုကျေးရွာသို့ သွားရောက်ကာ ကိုရွှေရင်တော်ကြီးနဲ့ တွေ့ဆုံခဲ့ပြီး ကပ္ပတိန်နှစ်ဦးမှာ အရေပြားနှင့်မျက်လုံးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိနေတာကြောင့် ထူးဖောင်ဒေးရှင်းမှ မြေပြင်ကယ်ဆယ်ရေးအဖွဲ့ဝင်တွေ၊ ဒေသခံတွေက သွားရောက် ခေါ်ဆောင်လျက်ရှိပြီး လိုအပ်တဲ့ ဆေးဝါးကုသမှုတွေ လုပ်ဆောင်နိုင်ဖို့စီစဉ်နေပါတယ်"ဟု ပြောကြားခဲ့သည်။

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့နှစ်ဦး ဩဂုတ် ၃၁ ရက်က ခါကာဘိုရာဇီတောင်သို့ အောင်မြင်စွာ တက်ရောက်ပြီးနောက် ပျောက်ဆုံးသွားခဲ့သည်ကို ရှာဖွေရန်အတွက် ပြည်တွင်းပြည်ပအဖွဲ့များ စက်တင်ဘာ ၁၀ ရက်တွင် စတင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် စက်တင်ဘာ ၂၇ ရက်တွင် ယင်းရဟတ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်သုံးဦးပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ လောလောဆယ်တွင် ရဟတ်ယာဉ်ပျက်ရခြင်းကို အသေးစိတ်မသိရသေးဘဲ ရဟတ်ယာဉ်မှူးနှစ်ဦးမှာ ထိခိုက်မှု အနည်းငယ်ရှိပြီး ကိုရွှေရင်တော်ကြီးမှာ နောင်မွန်းမြို့နယ်အတွင်းရှိ လန်ဆာထုကျေးရွာသို့ လမ်းလျှောက်၍ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း - ခင်ဇာလီ၊
ဓာတ်ပုံ - ထူးဖောင်ဒေးရှင်း



ပြည်တွင်းရေးရာ

## စွပ်စွဲခံနေရသည့် မြန်မာနိုင်ငံသား နှစ်ဦးအား ဥပဒေအရ ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိရေး၊ တရားမျှတသည့် စုံစမ်းမှုဖြစ်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ထိုင်းနိုင်ငံတောင်ပိုင်း ဆူရတ်ဌာနီခရိုင် ကော့တောင်ကျွန်းရှိ အပန်းဖြေကမ်းခြေစခန်းတွင် ဗြိတိန်နိုင်ငံသားနှစ်ဦး စက်တင်ဘာ ၁၅ ရက်က အသတ်ခံရမှုဖြင့် အခင်းဖြစ်ပွားရာနေရာနှင့်အနီး အနားတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားသုံးဦးအား အောက်တိုဘာ ၃ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိမိနိုင်ငံသားများ မတရားစွပ်စွဲခံရမှုမရှိစေရေးအတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အောက်တိုဘာ ၅ ရက်တွင် ဒုတိယအတွင်းဝန် ဦးထွန်းအေး၊ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများကော်မတီဝင်များ၊ ဆူရတ်ဌာနီခရိုင်နေ ရှေ့နေ ဦးအောင်မျိုးသန့်၊ FED ပညာရေးဖောင်ဒေးရှင်းမှ ထိုင်းရှေ့နေနှစ်ဦး၊ ကော်မတီဝင် ဦးကျော်သောင်းတို့ကို စွပ်စွဲခံရသည့် မြန်မာနိုင်ငံသား နှစ်ဦးအား လက်ရှိချုပ်နှောင်ထားသည့် ကော့စမွတ်ထောင်သို့ စေလွှတ်ခဲ့ပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း ဆက်သွယ်အကြောင်းကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် စွပ်စွဲခံရသည့် မြန်မာနိုင်ငံသား နှစ်ဦးအား အမှန်တကယ်ကျူးလွန်ခြင်း ရှိ/မရှိ၊ ခြိမ်းခြောက်ပြောဆိုဝန်ခံခိုင်းခြင်း ရှိ/မရှိ၊ ငွေကြေး သို့မဟုတ် ရိုက်နှက်ပြီးအကြောက်တရားဖြင့် ဝန်ခံခိုင်းခြင်း ရှိ/မရှိ စသည့်အချက်များကို မေးမြန်း၍ ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

မြန်မာသံရုံးအနေဖြင့် စွပ်စွဲခံနေရသည့် မြန်မာနိုင်ငံသား နှစ်ဦးအား ဥပဒေအရ ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိရေး၊ တရားမျှတသည့် စုံစမ်းမှုဖြစ်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ထိုင်းအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## သီတင်းကျွတ်မီးထွန်းပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၇)လမ်း မိသားစု၏ တတိယအကြိမ် သီတင်းကျွတ်မီးထွန်းပွဲ၊ စာရေးတံမဲလှူဒါန်းပွဲနှင့် မဟာဒုတ်ဆွမ်းလှူဒါန်းပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါလမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရှေးဦးစွာ တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ်စာသင်တိုက်၊ သီရိမင်္ဂလာစာသင်တိုက်နှင့် ဓမ္မာလင်္ကာရစာသင်တိုက်တို့မှ ပင့်သံဃာတော် ၇၅ ပါးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

(၁၄၇) လမ်း မိသားစု သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၃ ရက် ညပိုင်းမှစတင်ကာ လျှပ်စစ်ရောင်စုံမီးလုံးများဖြင့် လမ်းတစ်လျှောက် ညစဉ်ထွန်းညှိပူဇော်ခဲ့ကြပြီး အမျိုးသမီးဝတ်ရွတ်အဖွဲ့ဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ခဲ့ကြသည်။ သီတင်းကျွတ်လပြည့်နေ့ နံနက်တွင် ဆုထူးပန်စာသင်တိုက်နှင့် မင်္ဂလာသုခပါဠိတက္ကသိုလ်စာသင်တိုက်တို့မှ သံဃာတော်အပါး ၂၅၀ ကျော်တို့အား နံနက်အရုဏ်ဆွမ်း လောင်းလှူကြမည်ဖြစ်သည်။

**(ကိုချစ်)**



## သုံးခွမြို့ပေါ်စေတီတော်အသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲ စည်ကားသိုက်မြိုက်

**သုံးခွ အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ မြို့ပေါ်ရပ်ကွက် အသီးသီးရှိ စေတီတော်အသီးသီးမှ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်း ဒေသစာရီလှည့်လည်ပူဇော်ပွဲများကို (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်ကာ မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာလှည့်လည်ပူဇော်ကြသည်။ ယင်းသို့ လှည့်လည်အပူဇော်ခံပွဲတွင် မြို့ကျက်သရေဆောင် ရှစ်မျက်နှာစေတီတော်၊ လေးကျွန်းမာရ်အောင်စေတီတော်၊ မြို့ဦးစေတီတော်၊ သွန်းဘုရားကြီး၊ လောကမာရဇိန်ဘုရားကြီး၊ ရှစ်ကျိတ်တစ်ဆူဘုရား၊ မင်းကျောင်း နှစ်ကျိတ်ရှစ်ဆူဘုရားများသို့ အသင်းသား အသင်းသူများပါဝင်သော ကုမ္မာရီလှပျိုဖြူလေးများက ဦးခေါင်းထိပ်တွင် ဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်ကာ လှည့်လည်အပူဇော်ခံကြသည်။ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်ရာတွင် အလှူရှင် စေတနာရှင် မိသားစုများကလည်း အချိုရည်များ၊ မုန့်ထုပ်များနှင့် ဖျော်ရည်မျိုးစုံတို့ဖြင့် လှူဒါန်းကုသိုလ်ယူခဲ့ကြပြီး ညပိုင်းတွင် စေတီတော်အသီးသီး၌ ဆီမီးရောင်စုံများဖြင့် ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ကြည်စိုးလွင်-IPRD)**

## AFC U-19 Championship Myanmar 2014

## ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်မှုများ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC U-19 Championship Myanmar 2014 ဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်ထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲ၌ အာရှနိုင်ငံ ၁၆ နိုင်ငံတို့မှ အသက်(၁၉)နှစ်အောက် အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာယူ-၁၉ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းသည် အုပ်စု(က)တွင် အီရန်၊ ထိုင်း၊ ယီမင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉အသင်းသည် အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီခွဲတွင်ယီမင်အသင်းနှင့် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လည်းကောင်း၊ ၁၁ ရက် ညနေ ၆ နာရီခွဲတွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ ၁၃ ရက် ညနေ ၆ နာရီခွဲတွင် အီရန်အသင်းနှင့်လည်းကောင်း အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာယူ-၁၉ အမျိုးသားလက်ရွေးစင် ဘောလုံးအသင်း၏ အုပ်စုပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများဖွင့်

**ရန်ကုန် အောက်တိုဘာ ၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အဆင့်မြင့်) ဦးအောင်ကျော်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၅၈)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၈၈) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

ယခု ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများတွင် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၅၈)၌ သင်တန်းသား ၂၉ ဦးနှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၈၈)၌ သင်တန်းသား ၄၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်း နိုင်ပွဲဆက်

**နေပြည်တော် အောက်တိုဘာ ၇**

အာရှယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (ဃ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက မလေးရှားနိုင်ငံတွင် ကျင်းပရာ မြန်မာယူ-၁၆ အမျိုးသမီးအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (ဃ)၏ အခြားပွဲစဉ်တွင် တရုတ်(တိုင်ပေ)အသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် ဂိုးများကို ၆၆ မိနစ်တွင် သင်းသင်းယု၊ ၇၄ မိနစ်တွင် ကေဇင်မြင့်၊ ၇၅ မိနစ်တွင် ဂျူလိုင်ကျော်နှင့် ၈၂ မိနစ်တွင် ခိုင်သဇင်ဦးတို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ပထမပွဲတွင် ဖိလစ်ပိုင်ကို ခြောက်ဂိုးပြတ်အနိုင်ရရှိထားကာ နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် တရုတ်(တိုင်ပေ)နှင့်အတူ ခြောက်မှတ်စီရရှိထားသည်။ မြန်မာအသင်းမှာ နောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၉ ရက်တွင် တရုတ်(တိုင်ပေ)နှင့် ကစားရမည်ဖြစ်သည်။

**သတင်း - စိုးညွန့်**
**ဓာတ်ပုံ - ဘောလုံးအဖွဲ့ချုပ်**

မှခင်း

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်　အောက်တိုဘာ ၇**

အောက်တိုဘာ ၄ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် သီပေါဘက်မှ ကျောက်မဲမြို့ဘက်သို့ စန္ဒိမာမောင်းနှင်ပြီး ပန္တဝလိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ စန္ဒိမာထံမှ ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်နှင့် ပန္တဝထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၃)နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေး မဟာအောင်မြေမြို့နယ် (၆၂)လမ်း၊ (၄၁×၄၂) လမ်းကြား မနော်ရမ္မံဥယျာဉ် ကလေးကစားကွင်းအဝင်ပေါက်ရှေ့တွင် လှိုင်ဖြိုးထက်မောင်းနှင်ပြီး မစံသာဦး(ခ)သမီးငယ် လိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ မစံသာဦး(ခ)သမီးငယ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



**လှိုင်ဖြိုးထက်နှင့် မစံသာဦး (ခ) သမီးငယ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ခေတ္တလမ်းပိတ်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ချက်

၁။ အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲများအား ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ရာ အုပ်စုပွဲစဉ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ တစ်ရက်ပွဲစဉ် နှစ်ပွဲအား ညနေ ၃ နာရီခွဲမှ ပြိုင်ပွဲပြီးဆုံးချိန်ထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ် နှစ်ပွဲအား အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီခွဲမှ ပြိုင်ပွဲပြီးဆုံးချိန်ထိလည်းကောင်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်နှစ်ပွဲအား အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီမှ ပြိုင်ပွဲပြီးဆုံးချိန်ထိလည်းကောင်း၊ ဗိုလ်လုပွဲစဉ်တစ်ပွဲအား အောက်တိုဘာ ၂၃ ရက် ည ၇ နာရီမှ ပြိုင်ပွဲပြီးဆုံးချိန်ထိလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါဘောလုံးပြိုင်ပွဲကျင်းပသည့်နေ့ရက်များတွင် ဝေဇယန္တာလမ်းပေါ် လေးဒေါင့်ကန်လမ်းမှ သံသုမာလမ်းအထိ မွန်းတည့် ၁၂ နာရီမှ ပြိုင်ပွဲပြီးဆုံးချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းလွှဲများမှ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ပေါက်ပြဲမီးကြိုးကိုင်မိ၍ လူငယ်တစ်ဦးဓာတ်လိုက်သေဆုံး

**ရေတာရှည် အောက်တိုဘာ ၇**

ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ အသက်(၁၇)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ပြောင်းဖူးအိတ်များ ချုပ်ရန် အိတ်ချုပ်စက်နှင့် မီးပလပ်ထိုးစဉ် ဓာတ်လိုက်သေဆုံးသွားခဲ့သော အမှုတစ်ခု ရေတာရှည်မြို့နယ် မြို့လှမြို့ သာဝတ္ထိရပ်ကွက်တွင် အောက်တိုဘာ ၅ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာဝတ္ထိရပ်ကွက်နေ သေဆုံးသူ နေဇော်ထက် (၁၇)နှစ်သည် ပြောင်းဖူးအိတ်များ ချုပ်ရန် နေအိမ်ပွဲရုံအတွင်း မီးပျက်နေသဖြင့် နေအိမ်တောင်ဘက် ပေ ၃၀ ခန့်အကွာရှိ ဖခင်ဖြစ်သူ၏ ကုန်စုံဆိုင်မှ ဝါယာကြိုးခွေနှစ်ခွေနှင့် မီးသွယ်တန်းယူပြီး အိတ်ချုပ်စက်အား မီးပလပ်ထိုးစဉ် ပလပ်အရင်းဝါယာကြိုးပေါက်သည့်နေရာကို ကိုင်မိ၍ ဓာတ်လိုက်မှုဖြစ်ပွားခဲ့သည်။ ဓာတ်လိုက်မှုကြောင့် နေဇော်ထက်တွင် ဝဲဘက်လက်ညှိုးနှင့် လ　က်မတွင် ဓာတ်လိုက်၍ ပေါက်ထွက်သည့် ဒဏ်ရာတစ်ချက်စီနှင့် ဝဲမျက်လုံးပေါ်တွင် ဓာတ်လိုက်ပြီးလဲကျစဉ် ကျောက်ခဲနှင့်တိုက်မိ၍ ပေါက်ပြဲဒဏ်ရာတစ်ချက်တို့ရရှိပြီး သေဆုံးခဲ့ကြောင်းသိရ၍ မြို့လှနယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မိုင်းပေါက်ကွဲပြီး ကားမီးလောင်၊ တစ်ဦးသေ သုံးဦးဒဏ်ရာရ

**မောက်မယ်　အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ထီဟံခွီးကျေးရွာမှ ဟိုနမ့်ကျေးရွာသို့သွားရာ နမ့်ယမ်းကျေးရွာ၏ တောင်ဘက် ၁ မိုင် ၄ ဖာလုံခန့် အကွာတွင် အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီခွဲက ထောင်ထားသော မိုင်းပေါက်ကွဲမှုဖြစ်ပွားရာ ယာဉ်မောင်းပါလေးဦးလိုက်ပါသည့် ဖိုးဝီးကားအစိမ်းရောင် (နံပါတ်စုံစမ်းဆဲ) ယာဉ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီဟံခွီးကျေးရွာမှ ဟိုနမ့်ကျေးရွာသို့ အဆိုပါယာဉ်နှင့် ခရီးသွားကြသူများအနက် ခရီးသည်ခွန်မောင်မြင့် အသက်(၃၀)နှစ်သည် ထောင်မိုင်းနင်းမိပြီးယာဉ်နှင့်အတူ မီးလောင်ပြီး သေဆုံးခဲ့သည်။ ယာဉ်မောင်းနှင့်အတူ ဒဏ်ရာရသူ သုံးဦးမှာ ဟိုနမ့်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း တိုက်နယ်ဆေးရုံဆရာဝန်က ပြောကြားသည်။ **(မဇ)**

# သေနတ်နှင့် ပစ်ခံရ၍ ရွာသားတစ်ဦးသေဆုံး

**မောက်မယ် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု နမ့်ယမ်းကျေးရွာ၏ တောင်ဘက် သုံးဖာလုံခန့်အကွာတွင် အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာနေ ခွန်ထွန်းရီ အသက်(၃၂)နှစ်သည် တောင်ယာခြံသွားရာမှ ဖုန်းပြောနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ယာဘက်ခြေထောက်ထိမှန်သဖြင့် ၎င်းစီးလာသည့်ဆိုင်ကယ်အား ထားခဲ့ပြီး ထွက်ပြေးရာ သေနတ်နှင့်ပစ်သူအဖွဲ့က ဆက်လက်ပစ်ခတ်သဖြင့်ကျောပြင်နှင့် နဖူးတို့ ထိမှန်ပြီးသေဆုံးခဲ့ကြောင်း ခူဝိန်းကျေးရွာနေ တောင်သူတစ်ဦးက ဌာနေပြည်သူ့စစ်(ဟိုနမ့်)သို့ လာရောက်သတင်းပေးခဲ့ကြောင်း သိရသည်။ **(မဇ)**

# နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကြက်တောင်ပြိုင်ပွဲကျင်းပမည်

**နေပြည်တော်　စက်တင်ဘာ ၇**

ရွှေစွန်ညိုကြက်တောင်အသင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ကြက်တောင်ပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ (ကျုံးကြီးကွင်း)၊ အနော်ရထာလမ်း၊ (၂)လမ်းထိပ်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ရန်ကုန်မှ ကြက်တောင်အသင်းများ၊ မန္တလေး(အောင်ကလပ်)၊ ရှမ်းပြည်နယ်၊ မအူပင်၊ ပုသိမ်၊ ရခိုင်နှင့် မိုးကုတ်မြို့တို့မှ အားကစားသမား ၄၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အောက်တိုဘာ ၁၃ ရက်တွင် လက်ရှိမြန်မာ့လက်ရွေးစင်ကစားသမားများမှ သရုပ်ပြကစားပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်းနှင့် ရွှေစွန်ညိုကြက်တောင်အသင်းကို ဆရာဦးအောင်သန်း(ရွှေစွန်ညို)က ၁၉၆၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

**(သိန်းဝင်းကို)**

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**


ချစ်ပိုက်သစ္စာ 562829,09-73198239 569782,09-43033237
•ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
•ပုဂံ(ဖွယ်တော်လေးဆု)၊ ပုပ္ပါး၊ ပဒေသာ၊ ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

သချာအောင်သင်း ကျော် ဝင်းခွင်
USCBရာထူးဝင်ခွင့်အလုပ်သမားလယ်ယာ၊အမျိုးသား နိုင်ငံခြားရေးမွေးမြူရေးဘဏ္ဍာရွှန်စာရေးသစ်တော၊ ကျူတာ DA အားလုံး
သင်တန်းများဖွင့်ပြီ။
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

GOLDEN STAR Travels & Tours
★ပုဂံ(ဖွယ်တော်လေးဆု)−ပုပ္ပါး
★မန္တလေး−ပြင်ဦးလွင်ခရီးစဉ် Oct-31 Nov-5
★တောင်ကြီး−အင်းလေး−ပင်းတယ
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 705968, 703448, 09-5064141, 09-5046000, 09-5081580

ပွင့်ဖြူ စားသောက်ဆိုင်( I ) PWINT PHYU RESTURANT
အရသာထူးကဲသောတရုတ်အစားအစာဟင်းပွဲများ၊ ပင်လယ်စာ၊ ကြေးအိုး၊ ဆီချက်၊ ပွင့်ဖြူစပါယ်ရှယ်ဘဲကင်၊ နံရိုးကင်၊ ငါးကင်နှင့်မြန်မာစည်ဘီယာများကို ဈေးနှုန်းချိုသာပြီး အရသာရှိစွာ သုံးဆောင်နိုင်ပါသည်။ ဟင်းပွဲများ အော်ဒါလက်ခံဆောင်ရွက်ပေးနေပါသည်။
ဆိုင်ဖွင့်ချိန် − နံနက် ၁၀ နာရီ မှ ည ၁၀ နာရီအထိ။
နေရာ − တိုက်(၁)၊ အခန်း(၇−ဂ)သံသုမာလမ်း၊ ၂၄ ရပ်ကွက်၊ သံသုမာလမ်း၊ သုဝဏ္ဏ လမ်းဆုံမီးပွိုင့်အနီး၊ ဖုန်း − ၀၁−၅၇၈၄၄၄၊ ၀၁−၈၅၅၀၉၀၁၊ ၀၉−၅၄၁၀၃၃၄၊ ၀၉−၅၁၀၃၁၄၈

ပွင့်ဖြူ စားဖွယ်စုံ ( II ) PWINT PHYU FOOD CENTER
သန့်ရှင်းလတ်ဆတ်သောနံနက်ခင်းစားဖွယ်စုံ၊ coffee & Tea၊ အအေးမျိုးစုံ၊ တစ်ယောက်စာဟင်းပွဲများ၊ ကြေးအိုး၊ ဆီချက် နှင့် တရုတ်အစားအစာများကို ဈေးနှုန်းချိုသာပြီး အရသာရှိစွာ သုံးဆောင်နိုင်ပါသည်။
ဆိုင်ဖွင့်ချိန် − နံနက် ၆ နာရီ မှ ည ၉ နာရီအထိ။
နေရာ − အမှတ် ၁၃၇(A) သံသုမာလမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ ရေနံ့သာဈေးရှေ့၊ ဖုန်းနံပါတ် − ၀၁−၅၇၈၄၂၅၊ ၀၉−၅၄၁၀၃၃၄၊
သုဝဏ္ဏကိုရောက်ရင် ပွင့်ဖြူ မှာစားဖို့ မမေ့နဲ့နော်

ဦးလှမြင့် အင်္ဂလိပ်ဘာသာစကား သင်တန်းကျောင်း
ခဝတန်းမဲအောင်အောင်၊ ဘွဲ့မဲရရ
Spoken English ■ Reading
Writing ■ Grammar ■ Translation
အင်္ဂလိပ်စာကို ခြေခြေမြစ်မြစ်သင်လိုသူများအတွက်
၁၅၁၊ ၃၈−လမ်း(လယ်)၊ ကျောက်တံတား။ ၂၄၅၆၂၉၊ ၀၉၄၂၀၇၃၇၆၈၉

ATP အောင်သပြေ Hotel - 2
ဟိုတယ်အသစ်တွင် မြန်မာပြည်တွင်း ဧည့်သည်များကို အထူးလျှော့ဈေးဖြင့် တည်းခိုနိုင်ပါပြီ။
အမှတ်(၁၁၀)၊ သမိုင်းဘူတာရုံလမ်း၊ (ဘုရင့်နောင် နှစ်ထပ်ဂုံးကျော် တံတားအဆင်းအနီး) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-522933 , 522934
E-mail : aungthapyayhotel2@gmail.com
http://www.aungthapyayhotel2.com
သမိုင်းဘူတာရုံလမ်းမှ လာလျှင် ဘုရင့်နောင်လမ်းဆုံတွင် (ဂ) တွေ့တွေ့၍ ဟိုတယ်ယာဉ်ရပ်နားကွင်းသို့လာနိုင်ပါသည်။

အာရှနဂါး
ကျိုက်ထီးရိုး/ ချောင်းသာ/ ငွေဆောင် နံနက် / ည
Ph : 703790,09-861-9008 707062,09-861-7770

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားစီးလုံးငှားသည်။
Ph: 209077, 09-731 67000 209388, 09-731 68000

RUBY ကားစီးလုံးငှားသည် 519100 09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကံကောင်း
(အိမ်၊ ခြံ၊ မြေ)
သီလဝါ၊ ကျောက်တန်း၊ သန်လျင် မြေကွက်များ ရောင်းလို / ဝယ်လိုသည်၊
09-420185599 09-49300967

## အနုပညာနှင့် ပြည်တွင်းရေးရာ

# ဘူဆန်ရုပ်ရှင်ပွဲတော်တွင် ကူဟေးဆန်း၏ ဇာတ်ကားသစ်ပါဝင်ပြသမည်



အာရှဒေသ၏ အထင်ကရရုပ်ရှင်ပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်စဉ် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အစဉ်အလာမပျက် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့် ကူဟေးဆန်း ၎င်းကိုယ်တိုင်ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည့် မိခင်နှင့်သမီးအကြား မေတ္တာကိုဖော်ကျူးထားသော Daughter အမည်ရှိဒရာမာဇာတ်ကားလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံးဒါရိုက်တာအဖြစ် ပွဲထွက်လာခဲ့ခြင်းမဟုတ်သည့် F4 မင်းသမီး ကူဟေးဆန်းက "ဒါရိုက်တာ တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့သရုပ်ဆောင်မှုအပေါ် မကျေနပ်မှုမရှိခဲ့ပါဘူး။ အနာဂတ်မှာလည်း ဇာတ်ရုပ်အမျိုးမျိုးနဲ့ သရုပ်ဆောင်ကြည့်ချင်ပါသေးတယ်"ဟု ဆိုသည်။

အောက်တိုဘာ ၂ ရက်မှ ၁၁ ရက်ထိ ကျင်းပလျက်ရှိသည့် အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ဟောင်ကောင်ဒါရိုက်တာ Ann Hui အား Asian Filmmaker of the Year ဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

# The Voice တွင် နည်းပြတစ်ဦးအဖြစ် ကူညီဆောင်ရွက်မည့် တေလာဆွတ်ဖ်

ကန်းထရီးတေးသံရှင် တေလာဆွတ်ဖ်က အမေရိကန်နိုင်ငံ၏ The Voice နာမည်ကျော် သီချင်းဆိုပြိုင်ပွဲတွင် မျိုးဆက်သစ်တေးသံရှင်များအတွက် နည်းပြတစ်ဦးအနေဖြင့် သင်ကြားပြသမှုများ ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကြာမီက ထွက်ရှိခဲ့သည့် Shake It Off တေးသီချင်း သီဆိုသူ ဂရမ်မီဆုရတေးသံရှင် တေလာဆွတ်ဖ်က The Voice ပြိုင်ပွဲဝင်များအတွက် နည်းပြတစ်ဦးအနေဖြင့် ကူညီသွားမည်ဖြစ်ကြောင်းကို စက်တင်ဘာလနှောင်းပိုင်းကတည်းက အတည်ပြုခဲ့ပြီးဖြစ်ကာ ၎င်းအနေဖြင့် ပြိုင်ပွဲဝင်သစ်များအတွက် အသံပိုင်းဆိုင်ရာ နည်းစနစ်များ၊ စင်မြင့်ပေါ်တွင် ဖျော်ဖြေမှုပုံစံများ၊ မိမိနှင့်လိုက်ဖက်မည့်



သီချင်းရွေးချယ်ပုံများ စသည်တို့ကို အသေးစိတ်သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်

**ရေကြည် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် အောက်တိုဘာ ၆ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၅၉ လုံး အမိုးလန်ပျက်စီးခဲ့ကာ စာသင်ကျောင်း နှစ်ကျောင်းလည်း ပျက်စီးသွားကြောင်း သိရသည်။

ရေကြည်မြို့နယ် အတွင်းရှိ ထန်းကျွန်းဆိပ်သာကျေးရွာအုပ်စု၊ နတ်စင်ကွင်းကျေးရွာအုပ်စု၊ သစ်ငုတ္တထောင်ကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ယိုးဒယားတက်ကျေးရွာအုပ်စု၊ တိုက်စွန်းအောက်အင်းကျေးရွာအုပ်စု၊ ညောင်ငူလက်ခုပ်ကျေးရွာအုပ်စုနှင့် ကိုင်းချောင်ကျေးရွာအုပ်စုများအတွင်းရှိ လူနေအိမ်များ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာများသို့ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်

# ရေကြည်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်း လူနေအိမ်နှင့် စာသင်ကျောင်းများပျက်စီး



အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်နှင့် တာဝန်ရှိသူများ သွားရောက်ပြီး လေဘေးသင့် အိမ်ထောင်စုများသို့ ဆန်နှင့် ခေါက်ဆွဲခြောက်များ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

လေဘေးသင့် အိမ်ထောင်စုများအား နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ နေအိမ်သို့ပြောင်းရွှေ့ထားရှိကာ ပျက်စီးသွားသည့် စာသင်ကျောင်းများအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး မိဘဆရာအသင်းဝင်များနှင့် ကျောင်း အကျိုးတော်ဆောင်တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

■

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၇**

သမဝါယမဝန်ကြီးဌာန အမှုထမ်းများ အခြေခံသမဝါယမသင်တန်း အမှတ်စဉ်(၁/၂၀၁၄) သင်တန်းဆင်းပွဲကို သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း(ရန်ကုန်)၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

သမဝါယမဦးစီးဌာနအဆင့်ဆင့်ရှိ အကြီးတန်းစာရေး ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်နှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။ အဆင့်မြှင့်တင်ခြင်း သင်တန်းများ စဉ်ဆက်မပြတ် ပို့ချလျက်ရှိသဖြင့် သမဝါယမလုပ်ငန်းများ အောင်မြင်ပြီး ပြည်သူများအတွက်များစွာ အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းအုပ်ကြီး ဦးရဲကျော်သူက ပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၅ ရက်ထိ နှစ်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ရွှေဥဒေါင်းမင်း 09250512576, 09421122687
+ ကျိုက်ထီးရိုး(နေ့ချင်းပြန်) 30000 Oct 8
တောင်ကြီး မီးပုံးပျံပွဲ Oct 31
+ 75000 Oct 3,7
အမှတ်-၁၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ညဈေးအနီး

စိန်ဝင်းနှင့်ရောင်းရင်းများ မှ
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့ Nov 4 ထွက်မည်
▲ တောင်ကြီး၊ ပင်းတယ၊ ကဲ့လုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုက်ဂူ
▲ ဝလွန်ပြည်တော်ပြန် (တနင်္ဂနွေ) ▲ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
249871, 255553, 389611, 09-5137245

G.G.G Co.,Ltd.
ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (100 / 2013)
ဂျပန်နိုင်ငံ J.O.P COOPERATIVE လက်အောက်ရှိ
KURITA AIM DELICA CORPORATION ၏ စားသောက်ကုန်ထုတ်လုပ်သော စက်ရုံကြီးများတွင် အလုပ်လုပ်ကိုင်လိုသော အမျိုးသမီးများ အလိုရှိသည်။
လုပ်သားဦးရေ - ၈ ဦး။ (မ)
အသက် - ၂၀နှစ် မှ ၃၀နှစ် အတွင်း
အခြေခံလစာ - ဂျပန်ယန်းငွေ - ၁၃၆၇၄၂
အခြေခံပညာ - အလယ်တန်းအောင်နှင့်အထက်
စာချုပ်သက်တမ်း - ၁နှစ်
အမှတ်-၁၄၅၊ ၃ လွှာ၊ ၄၅ လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ( ၀၉-၃၁၀-၅၅၉၈၉ ၊ ၀၉-၇၃၁-၉၇၇၁၂ ၊၀၉-၇၃၀-၆၆၅၉၀)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

HIGHWAY STAR Travels & Tours Co.,Ltd
OCT- 7, 10, 12/ Nov (5) ခရီးစဉ်များ
30000/-
Nov (5)
Scania VIP2+1
Yutong၊ ဂျပန် Man, Scania VIP တို့ကိုသာအသုံးပြုပါသည်။
facebook :https// www.facebook.com/ highwaystar.
09-253235411, 09-253235422,09-253241300,09-250277537

OIL & GAS 2014 Myanmar
ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေး ပြပွဲ
၁၅ - ၁၇ အောက်တိုဘာ ၂၀၁၄
(ဗုဒ္ဓဟူး - သောကြာ)
မြန်မာ ကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန်
ယခုအပတ်တွင် ဖွင့်လှစ်ပြီ
မြန်မာနိုင်ငံ၏ အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပြပွဲကြီး
www.ogmyanmar.com
▶ ရေနံဓာတု၊ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများအတွက် နောက်ဆုံးပေါ်နည်းစနစ်များ၏ အရင်းအမြစ်များ
▶ နိုင်ငံတကာမှ ပြသသူ ၁၀၀ကျော်နှင့် တွေ့ဆုံပါ
▶ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သင်၏လုပ်ငန်းတူများနှင့် ချိတ်ဆက်လိုက်ပါ
▶ မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့နယ်ပယ်မှ ကျွမ်းကျင်သူများနှင့် တိုးတက်လာသော လုပ်ငန်းသစ်များမှ အမြင်သစ်များကို ရယူလိုက်ပါ
စီစဉ်သူ SINGAPORE EXHIBITION SERVICES
အီးမေးလ်: events@sesallworld.com
ထောက်ခံပေးသူ Myanmar Oil & Gas Services Society
ဆွေးနွေးပွဲမန်နေဂျာ ALPHA RESOURCES & TRAINING CO.,LTD
အင်တာနက် ဝန်ဆောင်မှု ထောက်ပံ့ပေးသူအဖြစ် REDLINK
ကူညီပံ့ပိုးကြသော အဖွဲ့အစည်းများ
Ministry of Transport
Ministry of Industry SMEs Development Department
Myanmar Engineering Society
Myanmar Maritime University
Yangon Technological University
AN ALLWORLD EXHIBITIONS EVENT

## အားကစား

## မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် လမ်းပတ်စီစဉ်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမား ဖရန့်ခ်လမ်းပတ်သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလမတိုင်မီ အသင်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ရန် စီစဉ်နေကြောင်း သိရသည်။ လမ်းပတ်မှာ နယူးယော့ခ်စီးတီးအသင်းမှ မန်စီးတီးအသင်းသို့ ကာလတိုအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းအတွက် ခြောက်ပွဲကစားကာ လေးဂိုးအထိ သွင်းယူပေးထားခဲ့သူဖြစ်သည်။ ထို့ကြောင့် မန်စီးတီးနည်းပြဖြစ်သူ ပယ်လီဂရီနီမှာ လမ်းပတ်အား စာချုပ်သက်တမ်းတိုးမြှင့်ရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သလို ကစားသမားကိုယ်တိုင်ကလည်း မေဂျာလိဂ်မစတင်မီကာလအထိ မန်စီးတီးအသင်းတွင် ဆက်လက်ကစားရန်ဆန္ဒရှိနေသည်။

လမ်းပတ်က "ကျွန်တော် မန်စီးတီးမှာ ဇန်နဝါရီလအထိ ဆက်ရှိနေမှာပါ။ အဲဒီ အချိန်မတိုင်ခင်အထိ အသင်းအတွက်ကြိုးစားကစားသွားမှာဖြစ်ပြီး စာချုပ်သက်တမ်းတိုးမတိုးဆိုတာ အသင်းရဲ့ဆုံးဖြတ်ချက်အပေါ်မှာ မူတည်ပါတယ်။ ကျွန်တော့်အနေနဲ့ မေဂျာလိဂ်မစတင်မီအချိန် အထိ မန်စီးတီးအသင်းမှာ ဆက်ကစားသွားချင်ပါတယ်။ အသင်းပရိသတ်တွေရဲ့ နွေးထွေးစွာ ကြိုဆိုမှုကလည်း ကျွန်တော့်အတွက်တကယ် စိတ်လှုပ်ရှားစရာပါ"ဟု ပြောကြားခဲ့သည်။



[ကိုရဲ]



## ဒီမက်တီယိုအား ရှော်လ်ကေးအသင်းနည်းပြအဖြစ် ခန့်အပ်

ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့တွင် နည်းပြအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နည်းပြ ဒီမက်တီယိုအား ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းက နည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ အသက်(၄၄)နှစ်အရွယ်ရှိ ဒီမက်တီယိုသည် ၂၀၁၂ ခုနှစ်တွင် ချယ်လ်ဆီးအသင်းအတွက် ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သော်လည်း နိုဝင်ဘာလတွင် ချယ်လ်ဆီးအသင်း၏ ထုတ်ပယ်ခြင်းခံခဲ့ရပြီး နည်းပြဘဝနှင့် နှစ်နှစ်ကြာ ကင်းကွာခဲ့ရသူ ဖြစ်သည်။

လက်ရှိတွင် ရှော်လ်ကေးအသင်းသည် ဘွန်ဒက်လီဂါပွဲစဉ် ခုနစ်ပွဲကစားအပြီးတွင် ရမှတ်ရှစ်မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၁)နေရာတွင် ရပ်တည်နေသည်။ ထိုသို့အသင်း၏ ရလဒ်ဆိုးရွားနေခြင်းကြောင့် ရှော်လ်ကေးအသင်းက နည်းပြဂျန်ကယ်လာအား ထုတ်ပယ်ကာ ဒီမက်တီယိုအား နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း တွစ်တာမှတစ်ဆင့် တရားဝင်ကြေညာခဲ့သည်။

ဒီမက်တီယိုသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် အသင်းဟောင်းချယ်လ်ဆီးအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။

[ငွေကြယ်]

## မကွေးတိုင်းဒေသကြီးဂုဏ်ဆောင် ဘောလုံးသမားများအား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

**မကွေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အသက်(၂၀)အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၅ ရက်က မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်ကောင်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက နေပြည်တော်ကောင်စီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး တံခွန်စိုက်ဒိုင်းဆုဆွတ်ခူးနိုင်ခဲ့သည့်အပြင် အသင်းလိုက် အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံး ဂိုးသမားဆု စသည်ဖြင့် ဆုများအသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါမကွေးတိုင်းဒေသကြီးဂုဏ်ဆောင် အသက်(၂၀)အောက် ဘောလုံးအားကစားသမားများအား အောက်တိုဘာ ၆ ရက်တွင် ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မကွေးမြို့နယ်တို့မှ တာဝန်ရှိသူများနှင့် ပြည်သူတို့က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက မကွေးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာ စားပွဲတွင် မြို့မိမြို့ဖတစ်ဦးက ဂုဏ်ပြုစကားပြောကြားခဲ့ပြီး အဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခဲ့ရမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက်အုပ်ချုပ်သူနှင့် အားကစားသမားများမှ တံခွန်စိုက်ဒိုင်းနှင့် ဆုတံဆိပ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အပ်နှံပေးအပ်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုရ အားကစားသမားများနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်း ချီးမြှင့်ပေးခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မြို့မိမြို့ဖများက ငွေကျပ် ၂၅ သိန်း ၇ သောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

[စိုးလင်းနိုင်]

## ပြိုင်ပွဲဝင်ပေါင်း ၄၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်မည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ

**ရန်ကုန် အောက်တိုဘာ ၇**

First Myanmar Investment (FMI) နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကျင်းပမည့် ၂၀၁၅ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်အပြေးပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ယင်း ၂၀၁၅ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်အပြေးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားလေးမျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး ၄၂ ကီလိုမီတာအပြည့်မာရသွန်ပြိုင်ပွဲ၊ ၂၁ ကီလိုမီတာတစ်ဝက်မာရသွန်ပြိုင်ပွဲ၊ ၁၀ ကီလိုမီတာစိန်ခေါ်ပြိုင်ပွဲနှင့် ၃ ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲတို့ပါဝင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ပေါင်း ၄၀၀၀ ခန့် ပါဝင်ယှဉ် ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

၄၂ ကီလိုမီတာအပြည့်မာရသွန်ပြိုင်ပွဲနှင့် ၂၁ ကီလိုမီတာတစ်ဝက်မာရသွန်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၁၆)နှစ်ပြည့်ပြီးဖြစ်ရမည်၊ ၁၀ ကီလိုမီတာ စိန်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၁၂) နှစ် ပြည့်ပြီးသူများဖြစ်ရမည်ဖြစ်ကြောင်းနှင့် ၃ ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲကိုမူ အသက်အပိုင်းအခြားကန့်သတ်ထားခြင်း မရှိကြောင်း သိရသည်။

၂၀၁၅ ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲအလိုက်ဆုချီးမြှင့်မှုမှာ ၄၂ ကီလိုမီတာအပြည့်မာရသွန်ပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၂၅၀၀၊ ဒုတိယဆု ဒေါ်လာ ၁၄၀၀၊ တတိယဆု ဒေါ်လာ ၉၀၀၊ ၂၁ ကီလိုမီတာတစ်ဝက်မာရသွန်ပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၁၈၀၀၊ ဒုတိယဆု ဒေါ်လာ ၉၀၀၊ တတိယဆု ဒေါ်လာ ၅၀၀၊ ၁၀ ကီလိုမီတာစိန်ခေါ်ပြိုင်ပွဲတွင် ပထမဆု ဒေါ်လာ ၈၀၀၊ ဒုတိယဆု ဒေါ်လာ ၄၀၀၊ တတိယဆု ဒေါ်လာ ၂၅၀ စသည်ဖြင့် ဆုများအသီးသီးပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ၃ ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲတွင် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

[ကြေးမုံ]

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၅၀)ကျော်ဖြင့် Customer ပေါင်း(၁၃၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Website : www.galaxy.com.mm
Contact Us ...
YGN 09-254151516, 09-43064181
09-73198079
MDY 09-31406813, 09-91050973

ကမ္ဘာအနှံ့ ခရီးထွက်လိုက် ကြရအောင်
MYAN TOUR
Travel gives wings
ကမ္ဘောဒီးယား 950 USD
ပေကျင်း - ရှန်ဟိုင်း - ကူမင်း 1700 USD
ဖနံကောက်-ပတ္တရား-အယုဒ္ဓယ 650 USD
ဗီယက်နမ်(ဟနွိုင်း/ ဟိုချီမင်း) 1050 USD
မကာအို-ဟောင်ကောင် 1500 USD
မော်လဒိုက် 1340 USD
ကိုရီးယား 2150 USD
ဂျပန် 2950 USD
ဒူဘိုင်း 2200 USD
ဘာလီ 1300 USD
ဖူးခက် 1090 USD
စင်ကာပူ 810 USD
ဗုဒ္ဓဂယာ
၈ ရက် ခရီးစဉ် - ၇ သိန်းခွဲ
၁၅ ရက် ခရီးစဉ် - ၉ သိန်းခွဲ
(စရိတ်ငြိမ်း)
ဒီဇင်ဘာ ခရီးစဉ် အားလုံး အတွက် အထူး
Discount !
Myan Tour
Hot line 01-371767, 01-393179, 09 25 30 30 30 4, 09 25 30 30 30 5

M.K.T CONSTRUCTION CO., LTD
MODERN KEY TECHNIQUE
CREATING A HOME FOR YOU
Y.C.D.C LC-270 | Y.C.D.C LC-531 | M.C.D.C LC-085
"သီတင်းကျွတ်အခါသမယတွင်မြန်မာပြည်သူပြည်သားအားလုံး
ကျန်းမာ ချမ်းသာ ပျော်ရွှင်ပြီး ကံကောင်းခြင်း
မင်္ဂလာအဖြာဖြာ နှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။"
2014
CREATING A HOME FOR YOU
Office : NO(111), 42nd Street, Between Maharbandola & Merchant Road, Botahtaung Township, Yangon.
01-398191, 01-382423, 01-245786.
09-5124900, 09-5178478, 09-73072250
Email: marketing@mktconstruction.com. Website: www.mktconstruction.com


၂၀၁၄ နိုဝင်ဘာ (၁၆)ရက်ထိသာ
SAMSUNG
Curved UHD TV
မီးထွန်းပွဲတော်ချိန်ခါမှာ SAMSUNG ပစ္စည်းဝယ်ယူပါ မိသားစုတိုင်းပျော်ရွှင်မှာ
မြန်မာ့ရိုးရာမီးထွန်းပွဲတော်မှာ ချစ်ခင်ရတဲ့မိသားစုဝင်များနဲ့အတူ SAMSUNG ပစ္စည်းများဝယ်ယူပြီး အဖိုးတန်လက်ဆောင်များကို ပျော်ပျော်ပါးပါးရယူကြရအောင်
Curved UHD TV HU9000
ဝယ်ယူသူတိုင်းအတွက်
78" - Galaxy Note4
+ Home Theatre HT-E6750W
65" - Galaxy Note4
(OR) Home Theatre HT-H7750WM
55" - 8.4" Galaxy Tab S
(OR) Wireless Soundbar
Washing Machine WW12H8420EW
ဝယ်ယူသူတိုင်းအတွက်
Vaccum Cleaner
(VCC4130S37)
Triangle Air Conditioner
(AR12HCFSTWKNSE)
ဝယ်ယူသူတိုင်းအတွက်
Ambi Pur Air Freshener Set
Food Showcase Refrigerator (RH57H80307H)
ဝယ်ယူသူတိုင်းအတွက်
Microwave Oven
(ME711K / XST)
Curved Full HD (OR) UHD TV
H8000 / H6800 / HU7000
ဝယ်ယူသူတိုင်းအတွက်
65" - 8.4" Galaxy Tab S (OR)
Home Theatre (HT-H5550WK)
48"/55" - Home Theatre
(HT-F453)
Smart TV
H6400 / H6340 / H5500
ဝယ်ယူသူတိုင်းအတွက်
65"/60" - Home Theatre
(HT-F453)
40"/48"/55" - Travel Luggage
Digital DVB-T2 LED TV
H5100 / H5141 / H4100 / H4140
ဝယ်ယူသူတိုင်းအတွက်
48" / 40" / 32"
Travel Bag
Washing Machine
(WA70H4000SG)
ဝယ်ယူသူတိုင်းအတွက်
Towel
Washing Machine
(WA75H4000HA)
ဝယ်ယူသူတိုင်းအတွက်
Blanket
Refrigerator
(RT53H6670SL)
ဝယ်ယူသူတိုင်းအတွက်
Luminarc Jar Set
Refrigerator (RT20FGRVDSA)
ဝယ်ယူသူတိုင်းအတွက်
Lock & Lock Water bottle &
Lock & Lock Lunch box Set
လက်ဆောင်ပေးအပ်မည့်ပစ္စည်းအမျိုးအစားနှင့် အရေအတွက် အကန့်အသတ်ရှိပါသည်။
အထက်ပါ ပြထားသော လက်ဆောင်ပုံစံများသည် အမှန်တကယ်လက်ဆောင်ပုံစံနှင့် ကွာခြားနိုင်ပါသည်။
အစီအစဉ်နှင့် သက်ဆိုင်သော အသေးစိတ် အချက်အလက်များကို Samsung Customer Contact Centre 01-2399 888 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ www.facebook.com/samsungmyanmar

# နန့်ကဲ့ချောင်း တာပေါင်ကျိုးပေါက်ပြီး လေးတန်ချောင်း ကမ်းပါးပြိုကျမှု တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**မော်လူး၊ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသတွင် စက်တင်ဘာ ၁၈ ရက်နှင့် ၂၄ ရက်များက မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် နန့်ကဲ့ချောင်း တာပေါင်ကျိုးကာ လယ်ယာမြေများရေနစ်ခြင်း၊လေးတန်ချောင်းကမ်းပါးတစ်လျှောက်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျကာ နေအိမ်များ၊ လမ်းများ ပျက်စီးခြင်းတို့ကြောင့် ပြန်လည်တည်ဆောက်ပြုပြင်မှုများ ပြုလုပ်နိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်တိုဘာ ၅ ရက်က ကွင်းဆင်းကာ တိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ မုံရွာမြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏လမ်းညွှန်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ(တိုင်းတာရေး) ဦးကိုကို (မုံရွာ)၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်(မုံရွာ)၊ လက်မှုကျွမ်းကျင်အဆင့်(၅) ဦးဝင်းနိုင် (မုံရွာ) တို့သည် အောက်တိုဘာ ၅ ရက်က အင်းတော်မြို့နယ် မော်လူးသို့ရောက်ရှိပြီး နန့်ကဲ့ချောင်း ရေတိုက်စားခံရသည့် တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ နန့်ကဲ့ချောင်း၏ ပထဝီအနေအထား၊ ဆည်တည်ထားပုံ၊ ရေကြောင်းပေါင်းစီးပုံ၊ ကောက်ကွေ့စွာရေစီးကြောင်းဖွဲ့တည်နေပုံများနှင့် နှစ်စဉ် မိုးရာသီကာလတွင်ကြုံတွေ့နေရသည့် တာပေါင်ကျိုးပေါက်ခြင်းမှ ကင်းဝေးစေရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများတိုးတက်ရေးကို ရည်ရွယ်လျက် စစ်တမ်းကောက်ခြင်းများ၊ ရေစီးဆင်းမှုအနေအထား၊ ချောင်း၏အကျယ်၊ အနက်တိုင်းတာခြင်းစသည့် အသေးစိတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့နောက် လေးတန်ချောင်းကမ်းနားနေအိမ်များ ကမ်းပါးပြိုကျပြီး ရေထဲမျောပါခြင်းမှ ကင်းဝေးစေနိုင်ရန် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်နိုင်ရန်အတွက် ငွေ့ကြီးကျေးရွာအုပ်စု ငွေ့ကြီးရွာ၊ မော်လူးကျေးရွာအုပ်စုအတွင်းရှိ ပဲခူးကျေးရွာသို့ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝ၅၈)**

# ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ စီမံကိန်းသင်တန်း မုံရွာတွင် ဖွင့်လှစ်

**မုံရွာ၊ အောက်တိုဘာလ ၇**

အပူပိုင်းဇုန်အတွင်းပါဝင်လျက်ရှိသည့် ကျေးလက်နေပြည်သူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ တိုးချဲ့လေ့ကျင့်ပညာပေးစီမံကိန်းသင်တန်းကို အောက်တိုဘာ ၃ ရက်က မုံရွာမြို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် SAEP (JICA) မှ စီမံကိန်းပညာရှင်များက တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ တိုးချဲ့လေ့ကျင့်ပညာပေးရေးနှင့် ပတ်သက်ပြီး အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကာ သင်တန်းသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ SAEP(JICA) မှ စီမံကိန်းပညာရှင်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာပေရေချမ်းစင်တွင် စာအုပ်အသစ်များဖြည့်ဆည်း

**ခမောက်ကြီး၊ အောက်တိုဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်ခွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူအသိပညာဗဟုသုတတိုးပွားစေရေး ရည်ရွယ်ချက်ဖြင့် ချိတ်ဆွဲထားသည့် နံရံကပ်စာပေရေချမ်းစင်များအား စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် မြို့ပေါ်ရပ်ကွက် အများပြည်သူစည်ကားရာနေရာများတွင် ချိတ်ဆွဲထားသည့် နံရံကပ်စာပေရေချမ်းစင်များသို့ ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက အတွဲ(၂) အမှတ်(၉) ဘာသာရပ်စုံ စာစဉ်စာအုပ် ၁၃ မျိုးအား လိုက်လံလဲလှယ် ဖြည့်ဆည်းဆောင်ရွက်ခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# ထီးချိုင့်မြို့နယ်တွင် စာပေဝါသနာရှင် လူကြီးလူငယ်များစုပေါင်း၍ ပညာ့အလင်းစာကြည့်တိုက် ဖွင့်လှစ်

**ထီးချိုင့်၊ အောက်တိုဘာ ၇**

လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အသိပညာ ဗဟုသုတ အမြင်သစ်များ တိုးပွားလာရေးကိုရည်ရွယ်၍ ထီးချိုင့်မြို့ အမှတ်(၂)၊ ဈေးကုန်းရပ်ကွက်နေ စာပေဝါသနာရှင် လူကြီးလူငယ်များစုပေါင်းကာ ရပ်ကွက်စာကြည့်တိုက်တစ်ခုထူထောင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြရာ ဦးစိန်မောင်းမိသားစုက ငွေကျပ် ၁၇၅၀၀၀ ဖြင့် လှူဒါန်းဆောက်လုပ်သော ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက ကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါစာကြည့်တိုက်ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကြိုင်က အဖွင့်အမှာစကားပြောကြားပြီး ရပ်မိရပ်ဖများက ပညာ့အလင်း စာကြည့်တိုက် ဆိုင်းဘုတ်ကို အမွှေးနံ့သာရေများပက်ဖျန်း၍ စာကြည့်တိုက်တွင် ဆိုင်းဘုတ်တင်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်စောကလျာနှင့် အလှူရှင် ဦးစိန်မောင်းတို့က ဖဲကြိုးဖြတ်၍ ပညာ့အလင်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား၊ အနံ ၈ × ၈ ပေနှင့် ၂ × ၂ ခန်းသွပ်မိုး၊ သံဇကာကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်ခံအဆောက်အအုံဖြစ်ပြီး အဆင့်လေးဆင့်ပါ စာအုပ်တင်စင်နှစ်လုံး၊ စားပွဲခုံသုံးလုံး၊ ကုလားထိုင် ၁၅ လုံးနှင့် စာအုပ် ၂၅၀ အုပ်ဖြင့် စာကြည့်တိုက်ကို စတင်ဖွင့်လှစ်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းပိတ်ရက်များတွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် ကျန်ရက်များတွင် ညနေ ၄ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်က ရှင်းလင်းပြောကြားခဲ့သည်။

**စောကလျာ(ထီးချိုင့်)**

# ကော့သောင်းတွင် စာပေအသိပညာပေးဟောပြော

**ကော့သောင်း၊ အောက်တိုဘာ ၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကော့သောင်းမြို့နယ်၊ သီရိမြိုင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာပေအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဦးက စာဖတ်ခြင်းနှင့် ဗဟုသုတကြွယ်ဝသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာရေး၊ စာဖတ်ခြင်းအလေ့အထ ရှင်သန်လာရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတဖြစ်ဖွယ် စာအုပ်စာပေများ ဖတ်ရှုလေ့လာကြရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကော့သောင်း(ပြန်/ဆက်)**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၂)၊ ၆၂×၆၄လမ်းကြား၊ စိန်ပန်းလမ်းရှိ ဒေါ်ပုအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဝင်းလှိုင်(ခ)အိုက်ကွယ်[၁၃/ကပန(နိုင်)၀၆၃၁၆၇]မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုး၊ ပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံး၊ ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည် ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

Ayarwaddy Legend Travels & Tours မှ စီစဉ်သော

**စိန်ရောင်ခြည်**

ဗုဒ္ဓဂယာ ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း

အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာ သံဝေဇနိယလေးဌာန၊ အဂ္ဂဇဟိတလေးဌာန၊ နယူးဒေလီ၊ တပ်ချ်မဟာ၊ အိန္ဒိယစံတပ်သို့

(၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) ၉ သိန်း
(၁၁ညအိပ်/၁၂ရက် ခရီးစဉ်များ) ၈ သိန်း
(၇ ညအိပ် / ၈ ရက် ခရီးစဉ်များ) ၇ သိန်းခွဲ

တစ်လ ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Discount များရယူပါ။

အောက်တိုဘာ နှင့် နိုဝင်ဘာ အတွက် ခရီးစဉ်များကို စတင်လက်ခံနေပါသည်။

ခရီးစဉ်တလျှောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် နွေးထွေး ပြည့်စုံသော ဝန်ဆောင်မှုများပေးခြင်း။

ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ခရီးစဉ်များအတွက် အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးပါသည်။

ရန်ကုန် - အမှတ်(၁၀၄)၃၇လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁)၊ ၂၅၂၀၀၇၊ ၂၅၂၀၀၈၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇၊ ၂၅၀၉၀၉
မန္တလေး - အမှတ်(၇၆)၊ လမ်း၃၀၊ (၇၃-၇၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၄၀၂၆၉၄၈၄၈၊ ၀၉-၈၆၀၀၂၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(DMA) အသိအမှတ်ပြုသင်တန်းများ

၁။ Ship's Cook သင်္ဘောသားစားဖိုမှူးအဖြစ် လုပ်ကိုင်လိုသူများအတွက်၊ Ship's Cook Training Course
၂။ Ship's Cook, 2nd Cook များအဖြစ် ပင်လယ်ပြင်လုပ်သက်အနည်းဆုံး(၁)နှစ်နှင့်အထက်ရှိသူများအတွက် သင်္ဘောစားဖိုမှူး (မွမ်းမံ)သင်တန်း၊ Ship's Cook (Upgrade) Training Course (လူဦးရေကန့်သတ် လက်ခံပါသည်)
သင်တန်းပြီးဆုံးအောင်မြင်ပြီးပါက မြန်မာသင်္ဘောသားလုပ်ကိုင်လိုသူများအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (D.M.A) တွင် (C.D.C) လျှောက်ခွင့်ရှိပါသည်။ (လစဉ် လဆန်း(၁၅)ရက်နေ့တိုင်း သင်တန်းဖွင့်ပါသည်)
(မွန်းလွဲပိုင်းသင်တန်း (၁၅-၁၀-၂၀၁၄)နေ့ဖွင့်ပါမည်)
(တကယ်တတ်ချင်ရင် လာခဲ့ပါ)

Image Training Centre
အမှတ်(၉၁)၊ ပထမထပ်၊ ဗိုလ်သူရလမ်း(ကြည့်မြင်တိုင်ညဈေးအနီး)
ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ (ကြည့်မြင်တိုင်ညဈေးမှတ်တိုင်ဆင်းပါ)
ဖုန်း-၀၉ ၅၁ ၇၄၀၁၃၊ ၀၉ ၇၃၁ ၂၉၃၈၈ (D.M.A Approval Letter No. 020/2013, Dated the 5th June, 2013

SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈

ဂျပန်ပြဇာတ်၊သီချင်း၊အက များနှင့် ဖျော်ဖြေပြီး
Ikebana ,Shodo , Origami နှင့် ဂျပန်ဝတ်စုံများကို ကိုယ်တိုင်ပါဝင်ခံစားနိုင်မည့်
**Japanese Culture Show 2014**
မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA)မှကြီးမှူးကျင်းပသည်။
ကျင်းပမည့်နေ့ ရက်။ ။ အောက်တိုဘာလ ၁၂ ရက် ၂၀၁၄
ကျင်းပမည့်အချိန် ။ ။ နံနက် ၉း၀၀ နာရီမှ ၁၁း၃၀ နာရီ
ကျင်းပမည့်နေရာ ။ ။ UMFCCI
(မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း)
ဝင်ကြေးအခမဲ့
ဖုန်း ၀၉-၈၆၁၂၅၁၊ ၀၉ ၈၆၁၃၈၄၈

ကျန်းမာရေးဆောင်းပါး

# သားသားမီးမီး ကျန်းမာရေး မေမေ့နို့ချိုတိုက်ကျွေးပေး

à ayjufyjuf

မွေးပြီးစ တစ်ရက်အတွင်း မဖြစ်စလောက်ထွက်ရှိလာသော နို့ဦးရည်ဟာ အနည်းငယ်ပျစ်ပြီး ဝါကျင့်ကျင့်အရောင်ဖြစ်ပါတယ်။ ထိုနို့ဦးရည်က ကလေးငယ်အစာချေဖျက်မှုနှင့် ဖွံ့ဖြိုးကြီးထွားမှုအတွက် လွန်စွာအရေးပါလှပါတယ်။ မိခင်နို့ရည်မှာ ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်၊ ပရိုတင်းနှင့် အဆီဓာတ်တို့ အချိုးကျမျှတစွာ ပါဝင်နေကြတာကြောင့် မွေးစကလေးများအတွက် မိခင်နို့ရည်သည်သာ အကောင်းဆုံးနှင့် တန်ဖိုးအရှိဆုံး အာဟာရဖြစ်ပါတယ်။

ကလေးငယ် အသက် ၆ လအထိ မိခင်နို့ချိုရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးပေးခြင်းဖြင့် နို့ရည်ထဲမှာပါတဲ့ သဘာဝပဋိဇီဝပစ္စည်းများကြောင့် ပြင်ပကူးစက် ဗိုင်းရပ် ပိုးများ၊ ဘက်တီးရီးယားပိုးများကို ခုခံကာကွယ်နိုင်ပြီး ပန်းနာရင်ကျပ်ခြင်းနှင့် ဓာတ်မတည့်မှုဖြစ်ခြင်းတို့ နည်းပါးစေခြင်း၊ နားရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ဝမ်းလျှောဝမ်းပျက်ခြင်းတို့ မဖြစ်စေနိုင်တော့ခြင်း၊ ကလေးငယ်တွင် ဉာဏ်ရည်မြင့်မားခြင်း၊ မိခင်နှင့် အမြဲထိတွေ့ဆက်ဆံနေရသောကြောင့် လုံခြုံနွေးထွေးမှုကို ခံစားရခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းညှိပေးနိုင်တာကြောင့် ကလေးငယ်မှာ အဝလွန်ခြင်းနှင့် ဆီးချိုဖြစ်ခြင်းကို ထိန်းချုပ်ပေးနိုင်ခြင်း စသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်ပါတယ်။

နို့ချိုတိုက်ကျွေးခြင်းဖြင့် နို့တိုက်မိခင်အတွက် ရရှိနိုင်မည့် အကျိုးကျေးဇူးများကတော့ ကိုယ်ခန္ဓာရှိအဆီပိုများကို လောင်ကျွမ်းစေခြင်း၊ သားအိမ်ကို ပိုမိုလျင်မြန်စွာ ကျုံ့စေနိုင်၍ အလိုအလျောက် သားဆက်ခြားပြီးသား ဖြစ်သွားခြင်း၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အရိုးပါး၊ အရိုးပွရောဂါဖြစ်ခြင်းမှ လျှော့ချပေးနိုင်ခြင်း၊ ထို့ပြင် အချိန်အခါမရွေး နေရာမရွေး အလွယ်တကူ နို့ချိုတိုက်ကျွေးနိုင်တာကြောင့် မိခင်မှာ အလုပ်မရှုပ်စေတော့ဘဲ အချိန်ပိုထွက်လာခြင်း၊ နို့မှုန့်ဖိုး အကုန်အကျသက်သာစေခြင်း စတဲ့ ကောင်းကျိုးတွေ ခံစားရနိုင်ပါတယ်။

အကယ်၍ မိခင်မှာ ခုခံအားကျဆင်းရောဂါ၊ အဆုတ်ရောဂါ၊ ရောဂါတစ်မျိုးမျိုးကြောင့် ပဋိဇီဝဆေးဝါးများ သုံးစွဲနေရလျှင်သော်လည်းကောင်း၊ ကင်ဆာရောဂါကြောင့် ဓာတုကုထုံးခံယူနေရလျှင်သော်လည်းကောင်း၊ မူးယစ်ဆေးဝါးတစ်ခုခုစွဲနေလျှင်သော်လည်းကောင်း၊ ကလေးငယ်များမှာ ရှားပါးစွာဖြစ်တတ်သော မိခင်နို့ရည်နှင့် ဓာတ်မတည့်ရောဂါ ပါလာလျှင်သော်လည်းကောင်း ထိုထူးခြားဖြစ်စဉ်များအတွက် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ နို့ချိုတိုက်ကျွေးပေးရမှာပါ။

သို့သော် မိခင်မှာ ရိုးရိုးသာမန်အအေးမိတုပ်ကွေးဖျားနာခြင်းကိုတော့ နို့တိုက်ခြင်းကို မရပ်နားသင့်ပါဘူး။ မိခင်နို့ရည်ကိုညှစ်ထုတ်၍ ရေခဲသေတ္တာထဲမှာ နှစ်ရက်တိတိ သိုလှောင် သိမ်းဆည်းထားခြင်းကအာဟာရမပြယ်၊ အာနိသင်မပြယ်စေနိုင်တာကြောင့်လည်း အလုပ်လုပ်သော နို့တိုက်မိခင်များအတွက် အဆင်ပြေပါတယ်။

သို့သော် အေးခဲထားသော မိခင်နို့ကို အသုံးပြုမည်ဆိုပါက မူလအာဟာရတန်ဖိုးတွေ မဆုံးရှုံးရလေအောင် ပြန်လည်အပူပေးနွေးခြင်း မပြုသင့်ဘဲ ရိုးရိုးအရည်ပျော်လာအောင်သာ အချိန်ပေးစောင့်ဆိုင်း၍ ရင်သွေးငယ်ကို တိုက်ကျွေးပေးရမှာဖြစ်ပါတယ်။

**မိခင်နို့ချို တိုက်ကျွေးတဲ့အခါ –**

လက်ကို ပါးစပ်ဖြင့်စုပ်ခြင်း၊ ငိုသံပေးခြင်း၊ နို့စို့သကဲ့သို့ ပါးစပ်တပြင်ပြင်လုပ်ခြင်းတွေက ကလေးငယ်နို့ဆာနေတဲ့ လက္ခဏာများပါ။ တစ်နေ့လျှင် အနည်းဆုံး ရှစ်ကြိမ်မှ ၁၂ ကြိမ်ခန့်ထိ နို့ချိုတိုက်ကျွေးရမှာဖြစ်ပြီး၊ နို့တစ်ကြိမ်တိုက်ကျွေးချိန်ဟာ အနည်းဆုံး ၁၀ မိနစ်မှ ၁၂ မိနစ်ထိ ကြာမြင့်ရမှာပါ။ နို့တိုက်ကျွေးနေစဉ်မှာ ရင်သွေးလေးကို ဂရုတစိုက်ဖြင့် တယုတယကိုင်တွယ် ပွတ်သပ်ပေးသင့်ပါတယ်။

ဒါမှသာ ချစ်ခြင်းမေတ္တာကြောင့် မိခင်နို့လိုက်ကာ နို့ထွက်အား ကောင်းလာစေမှာပါ။ နို့ချိုတိုက်ကျွေးနေစဉ်မှာ မိခင်၏ကိုယ်ဟန်အနေအထားနှင့် ရင်သွေးကို ထွေးပွေ့ရမည့်ပုံစံ မှန်ကန်မှသာလျှင် မိခင်ရောကလေးပါ သက်သောင့်သက်သာအနေအထား ဖြစ်စေပြီး၊ သားသားမီးမီးတို့ နို့ဝစေမှာဖြစ်ပါတယ်။

**နို့ချိုတိုက်ကျွေးစဉ် မိခင်၏ ကိုယ်ဟန်အနေအထား –**

(က) ခုတင် (သို့မဟုတ်) လက်တင်ပါသော ကုလားထိုင် (သို့မဟုတ်) လှုပ်ကုလားထိုင်ပေါ် မတ်မတ်ထိုင်ပါ။

(ခ) ရင်သွေးလေးကို သက်သောင့်သက်သာ ရှိစေရန် မိခင်၏ ကျောနောက်ဖက်၊ တံတောင်ဆစ်အောက်ဖက်နှင့် ပေါင်ခွင်တို့မှာ ခေါင်းအုံးငယ်လေးများကိုထား၍ ထောက်ကူပေးပါ။

(ဂ) မတ်မတ်ထိုင်နိုင်ရန်အတွက် ခွေးခြေခုံနိမ့်ကို အသုံးပြုပါ (သို့မဟုတ်) ခေါင်းအုံးကို ဒူးအောက်မှာ ခုခံထားပေးပါ။

**နို့ချိုတိုက်ကျွေးစဉ် ရင်သွေးကို ထွေးပွေ့ရမည့်ပုံစံ –**

(က) ကလေးငယ်၏ ခန္ဓာကိုယ်တစ်ခုလုံးကို မိခင်ဖက်ဆီသို့ တစောင်းအနေအထားဖြင့်ရှိစေရန် ကလေးခြေထောက်များကို မိခင်ဖက်ဆီသို့လှည့်ကာ ပွေ့ပိုက်ထားပေးရပါမယ်။

(ခ) ကလေးငယ် သက်သောင့်သက်သာဖြစ်စေဖို့နှင့် နို့ကို အားစိုက်၍စုပ်ယူဖြစ်စေဖို့အတွက် မိခင်၏ပေါင်ခွင်ပေါ်တွင် ကလေးကို ခေါင်းအုံးခု၍တင်ကာ ထွေးပွေ့ထားပေးပါ။

**နို့ချိုတိုက်ကျွေးရမည့်ပုံစံ –**

(က) လက်မနှင့်လက်ညှိုးကို (သို့မဟုတ်) 'ယ' ပုံသဏ္ဍာန်ကွေးညွတ်စေပြီး လက်မကို သားမြတ်၏အပေါ်မှာ ထားပေးပါ။

(ခ) ကျန်လက်လေးချောင်းကိုလည်း အောက်ဖက်မှာထား၍ နို့သီး၏နောက်ဖက်မှ ဖြည်းညင်းစွာညှစ်ပြီး ကလေးပါးစပ်ဝတွင်တေ့ကာ ကလေးနှင့် မိခင်နို့ကို တတန်းတည်းအနေအထားဖြင့် နီးကပ်စွာရှိနေစေရမှာပါ။

(ဂ) ကလေးငယ်၏ ပါးစပ်ကို ကျယ်ကျယ်ဟစေရန်အတွက် ကလေး၏နှုတ်ခမ်းကို မိခင်နို့သီးခေါင်းဖြင့် ဖြည်းညင်းစွာ တို့ထိပေးဖို့လိုပါတယ်။ ဒါမှသာ နို့ကောင်းကောင်းစို့နိုင်မှာ ဖြစ်ပါတယ်။

(ဃ) ကလေးငယ်က နို့စို့နေရင်း အခြားတစ်ဖက်သို့ လှည့်သွားလျှင်ဖြစ်စေ၊ ပါးစပ်ထဲမှ နို့သီးခေါင်း လွတ်ကျသွားလျှင်ဖြစ်စေ ကလေးပါးကို ညင်သာစွာပွတ်သပ်လိုက်ပါက အလိုအလျောက် တုံ့ပြန်လာပြီး ဆက်လက်၍ နို့စို့လာမှာဖြစ်ပါတယ်။

(င) မိခင်နို့သီးဟာ ကလေးငယ်၏ လျှာပေါ်တွင် ရှိနေစေရမှာဖြစ်သလို ကလေးငယ်၏ သွားဖုံးဟာလည်း သားမြတ်ထိပ်ရှိ အမဲဝိုင်းအပေါ်တွင် ရှိနေစေရမှာပါ။ ဒါမှသာ နို့သီးခေါင်းထွက်မကျတော့ဘဲ နို့ကိုကောင်းကောင်းစုပ်ယူနိုင်မှာဖြစ်ပါတယ်။

(စ) ကလေးငယ်၏ပါးတစ်ဖက်ကို သားမြတ်နှင့် အလွန်နီးကပ်စေရန် ဖိထားပေးဖို့လိုပါတယ်။

(ဆ) အရေးကြီးဆုံးအချက်မှာ နို့ချိုတိုက်ကျွေးစဉ် ကလေးနှာခေါင်းကို မဖိမိစေရန်အတွက် ကလေးငယ်ကို ပင့်မထားပေးရမှာ ဖြစ်ပါတယ်။

(ဇ) အထက်ပါနည်းအတိုင်း ကလေးငယ်ကို အနေအထားမှန်ကန်စွာ နို့တိုက်ခြင်းက မိခင်မှာ ညောင်းညာခြင်းနှင့် အခြားမည်သည့်နာကျင်မှုများကိုမျှ ခံစားရမည်မဟုတ်ပါ။

(ဈ) ကလေးငယ် နို့ဝသွားတဲ့အခါ နို့စို့ယူနှုန်းအားနည်း နိမ့်ကျသွားမည်ကို မိခင်မှ အလိုအလျောက် နားလည်ခံစားရနိုင်ပါလိမ့်မယ်။

(ည) နို့ချိုတိုက်ကျွေးတဲ့အခါမှာ ကလေးငယ် သောက်နိုင်သလောက်သာ တိုက်ကျွေးပါ။

(ဋ) ကလေးငယ်ကို နို့တိုက်တဲ့အခါ ရင်သားနှစ်ဖက်စလုံးကို ဘက်မျှအောင် တိုက်ကျွေးပေးရမှာဖြစ်ပါတယ်။ ဒါမှသာ မိခင်မှာ နို့ချောင်းပိတ်ဆို့ခြင်း၊ နို့ရည်မလိုက်ခြင်း၊ ရင်သားတစ်ဖက်ပိုကြီးခြင်း (သို့မဟုတ်) ပိုသေးနေခြင်းမျိုး မဖြစ်စေတော့ပါဘူး။




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၂)၊ ဦးပိုင်အမှတ်(၃၂)၊ ၆၀×၆၁ လမ်း၊ မနော်× စိန်ပန်းလမ်းရှိ ဦးလှကျော်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ရွှေပု [၁၃/ လရန(နိုင်)၀၈၉၃၀၄]မှ ဦးပိုင်၊ ၃၂(ခဲစင်း) အရှေ့ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲဖွင့် လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၁)ရပ်ကွက်၊ မေခလမ်း၊ အမှတ်-၁၃၆(ခ)လိပ်စာပါ ပေ(၂၀×၆၀)မြေနှင့် ယင်းပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးကျော်သိန်းအောင်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဦးမှ ဝယ်ယူရန်သဘောတူပြီးဖြစ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းပပလှိုင်တင်ဇာ(LL.B) (စဉ်-၃၀၂၁၂) အထက်တန်းရှေ့နေ ရုံး-ရွှေပြည်သာမြို့နယ်တရားရုံးဝင်း

ဦးဇော်ဦး(LL.B) (စဉ်-၂၇၂၇၇) အထက်တန်းရှေ့နေ ဖုန်း-၀၉-၇၃၁၇၈၆၉၁ အိမ်၊ အမှတ်-၃၃၃(က)၊ ကျောက်စိမ်းလမ်း၊ ၅/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။

## ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာ[၁၂/မဂတ(နိုင်)၀၃၆၇၆၆]အပေါ် မိခင်ဖြစ်သူမှ သွာနုတ္တသမီးအဖြစ်ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်းရန်မရှိကြောင်း တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အကျူး[၁၂/မဂတ(နိုင်)၀၄၁၃၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ကြေညာအပ်ပါသည်။ ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာ၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇေယျာမင်းသိန်း၏ ကြေညာချက်မှာမှန်ကန်မှု မရှိပါ။ ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာသည် ကလေးဘဝက အောက်ပိုင်းမသန်ဖြစ်ခဲ့သဖြင့် မိခင်ဖြစ်သူမှ အချစ်ပိုခဲ့ပြီး၊ ကျန်သမီးများ အိမ်ထောင်ကျသွားချိန်တွင် မိခင်ဖြစ်သူနှင့်အတူနေထိုင်ခဲ့သူဖြစ်ပါသည်။ မသန်စွမ်းသူဖြစ်သဖြင့် မိခင်၏လုပ်ငန်းနှင့်စာရင်းအင်းများကို ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာအား ယုံမှတ်အပ်နှံ၍လုပ်ကိုင်စေခဲ့ပါသည်။ တိုက်ခန်းအချို့အရောင်းအဝယ်ပြုလုပ်ရာ၌လည်း အတူနေသမီး ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာအမည်ဖြင့် အမည်ခံဝယ်ယူခဲ့ပါသည်။ ၎င်းအိမ်ထောင်ပြုပြီးနောက်ပိုင်းတွင်လည်း အခြားသမီးများထက်အခွင့်အရေးပိုရခဲ့သော်လည်း ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာအနေဖြင့် ၆-၉-၂၀၁၄ရက်ထုတ် သတင်းစာကြော်ငြာပါအတိုင်း မိခင်အပေါ် မပြုသင့်မပြုအပ်သည့်ကိစ္စများပြုလုပ်လာခဲ့သည့်အတွက် မိခင်ကြီးမှရင်နာနာဖြင့် သွာနုတ္တသမီးအဖြစ်ကြေညာခဲ့ရခြင်းဖြစ်ပါသည်။ တိုက်ခန်းများကို ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာပိုင်ဆိုင်ခြင်းဟုတ်၊ မဟုတ် တစ်တိုက်ထဲအပေါ်အောက်နေထိုင်ခဲ့သည့် ရှေ့နေဦးဇေယျာမင်းသိန်းကိုယ်တိုင်သိရှိပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စများတွင် ကျွန်ုပ်၏မိတ်ဆွေဒေါ်အကျူးထံ၌ခိုင်လုံသည့်ပစ္စည်းသက်သေ၊ လူသက်သေများရှိသဖြင့် ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာမှ ကျွန်ုပ်၏မိတ်ဆွေအပေါ် တရားစွဲဆိုမည်ဖြစ်ပါကလည်း ဥပဒေ၏အကာအကွယ်ဖြင့် အမှန်တရားကို လက်ကိုင်ပြုကာ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ပါသည်။ ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာနှင့်မမှန်ဖန်တီးပြုလုပ်ဆောင်ရွက်အားပေးကူညီသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး ၆-၉-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)ပါ ကြော်ငြာကို ထပ်မံအတည်ပြုကြောင်း ဒေါ်ဒေစီ(ခ)ဒေါ်စန္ဒာနှင့်အများသိစေရန် တုံ့ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးမြင့်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၅၈)
အမှတ်-၉/၁၁၊ အခန်း(၃၀၆)၊ ၄-လွှာ၊ ၃၆လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၉၄၁၉

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၆၅၂)၊ မြမဥ္ဇူလမ်းနှင့်မြမဥ္ဇူ(၂)လမ်းထောင့်၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ် (၆၅၂)၊ ဧရိယာ(၀. ၀၆၂)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ဦးသန်းထွေး(AE-225914)အမည်ပေါက် ဖြစ်ပါသည်။ မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်မေသင်းကြိုင်[၆/ထဝန(နိုင်)၀၀၈၈၂၅]ထံမှ အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂) ဒေါ်ဝေဖြိုးအောင်(စဉ်-၄၄၀၀၃)
အထက်တန်းရှေ့နေများ
အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၅-လမ်း၊ တိုက်အမှတ်(၁၁)၊ အခန်း အမှတ်(ဒီ-၂)၊ ပထမထပ်ဟုခေါ်တွင်သော တိုက်ခန်းအား ကျွန်ုပ်၏အမှုသည် ဦးမူဒီယမ်းဒီး (Q/RGN-012539)က ၃၀-၁၀-၂၀၀၉ရက်ကပင် မြေရှင်အသိအမှတ်ပြုပြီး ဝယ်ယူပိုင်ဆိုင်ထား ပါသည်။

ယင်းတိုက်ခန်းအား ကျွန်ုပ်၏အမှုသည် ဦးမူဒီယမ်းဒီး မသိရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ လွှဲပြောင်းခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးခင်(LL.B)
အထက်တန်းရှေ့နေ
အမှတ်-၆၇/၆၉၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

# SkyNet၊ ရုပ်သံဖမ်းစက်များ ကနီမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်

ကနီ၊ အောက်တိုဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ ထောက်ပံ့ပေးသည့် ကျေးရွာစာကြည့်တိုက်များအား Sky Net နှင့် ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ ထောက်ပံ့ပေးသည့်အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ယခုပေးအပ်သော Sky Net နှင့် ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်ရခြင်းမှာ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့်စာကြည့်တိုက်များရှင်သန်ခိုင်မာရေးတို့အတွက် စာကြည့်တိုက်တွင် ထားရှိပြီး ပြည်သူများ ဗဟုသုတရရှိစေမည့် ရုပ်သံလိုင်းများကိုပြသပေးရန်ရည်ရွယ်၍ ထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ Sky Net နှင့် ရုပ်မြင်သံကြားဖမ်းစက်များရရှိသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပစ္စည်းများပေးအပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းနှင့် မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်မှ ကျေးရွာနှစ်ရွာအတွက်ထောက်ပံ့ပေးသော အသံချဲ့စက်နှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးက လွှဲပြောင်းပေးအပ်ခဲ့သည်။

သန်းဌွေးအောင်(ကနီ)

# ပုဂံမြင်းကပါဂူပြောက်ကြီးစေတီ၏မူလနံရံဆေးရေးမှာ ကျန်သည့် ၄၅၁ ဆူတွင် အစုံလင်ဆုံးအဖြစ် တည်ရှိနေ



ပုဂံ၊ အောက်တိုဘာ ၇

အနုသုခုမလက်ရာများ ထွန်းကားရာ မြန်မာ့ယဉ်ကျေးမှု၏အစ၊ မြန်မာစာပေ၏အစ၊ မြန်မာ့သမိုင်း၏အစ ပုဂံယဉ်ကျေးမှုနယ်မြေတွင် စေတီပုထိုးပေါင်း သုံးထောင်ကျော်ရှိသည့် အနက် နံရံဆေးရေးပန်းချီများကျန်ရှိနေသေးသည့် စေတီမှာ ၄၅၁ ဆူသာ ရှိတော့သည်။

၎င်းတို့အနက် ခရစ်နှစ် ၁၁ ရာစုက မြင်းကပါရွာစေတီအနီးတည်ရှိသော စေတီပုထိုးအမှတ် ၁၃၂၃/ ၆၄၇ ဂူပြောက်ကြီး (မြင်းကပါ) စေတီတွင် ဂူဘုရားဝမှစ၍ လိုဏ်အတွင်းပတ်လည် ပြည့်နှက်စွာ နံရံဆေးရေးပန်းချီ အမွေအနှစ်များကို ထိန်းသိမ်းထားရာ လေ့လာလိုသူ၊ သမိုင်းပြုစုလိုသူများအတွက် ဗဟုသုတပြည့်စုံစေနိုင်သော စေတီတစ်ဆူအဖြစ် တည်ရှိနေသည်ကို ဖူးတွေ့ရသည်။

ဂူပြောက်ကြီး (မြင်းကပါ) စေတီကို ကွမ်းတောင်ပေါက်နှစ်ထပ်လိုဏ်ဂူဘုရားအဖြစ် တည်ထားပြီး အတွင်းနံရံဆေးရေးပန်းချီများမှာ မူလအရောင်နီးပါး မပျက်ပြယ်သေးဘဲ ရှိနေရာ အပြာနုရောင်၊ ပန်းရောင်၊ အနီရင့်ရောင်၊ ကြက်သွေးရောင်များ သုံးစွဲထားသည်ကို တွေ့ရှိနိုင်သည်။

"ဂူပြောက်ကြီးဘုရားရဲ့ ထူးခြားချက်က သင်္ဂါယနာတင် မှတ်တမ်းပန်းချီများ ရေးဆွဲထားတာဖြစ်ပါတယ်။ ဒါ့အပြင် သီဟိုဠ်ကျွန်း ဧဋ္ဌာရမင်းက တရားခေါင်းလောင်းချိတ်ဆွဲပြီး တရားသဖြင့်အုပ်ချုပ်ပုံ၊ ဒေဝါနံပီယမင်းနှင့် ရှင်မဟိန္ဒကို အမေးအဖြေပြုပုံ၊ နန်းတွင်းသူနန်းတွင်းသားပုံများကို လေ့လာနိုင်ပါတယ်။ ၁၉၈၄ ခုနှစ်က ရှေးဟောင်းသုတေသနဦးစီးဌာနက ကုလသမဂ္ဂအကူအညီနဲ့ နံရံဆေးရေးပန်းချီနဲ့ မင်စာတွေကို ဓာတုဗေဒဆေးများနဲ့ သုတ်လိမ်းခဲ့တာ မွန်ဘာသာရေးမင်စာတွေကို ဖတ်ရှုနိုင်ကြပြီဖြစ်ပါတယ်" ဟု ယင်းဘုရားမှ တာဝန်ရှိသူ ဦးနိုင်ဝင်းကပြောသည်။

ဂူပြောက်ကြီးဘုရား၏ အပြင်ဘက်တွင် ဘီလူးပန်းဆွဲ၊ ထောင့်ပန်းစသည့် အင်္ဂတေလက်ရာများကို ထူးခြားစွာတွေ့ရပြီး ဂူဘုရားအဝသို့ ဝင်ရောက်လျှင်မူ နံရံဆေးရေးပန်းချီများကို လေ့လာနိုင်မည်ဖြစ်သည်။ အဝင်ဝဘေးနံရံ၏ တစ်ဖက်တစ်ချက်တွင် လက်များစွာရှိသော နတ်ရုပ်များ သုံးဆစ်ချိုးပုံစံဖြင့် မတ်တပ်ရပ်နေပုံများကို တွေ့ရမည်ဖြစ်ပြီး ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်မှ ဆင်းလာခန်း၊ တရားဟောခန်း၊ ဝေသာလီပြည်သို့ လှေဖြင့်သွားခန်း၊ ၅၅၀ ဇာတ်ကွက်များ၊ ကောသလ အိပ်မက် ၁၆ ချက်တို့အား သရုပ်ဖော်ထားသည်။

မျိုးဝင်းထွန်း(မုံရွာ)

# ကျောင်းသား၊ ကျောင်းသူများအား အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးခြင်းနှင့် စာရေးကိရိယာများလှူဒါန်း

ပန်းတနော်၊ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မင်းဆယ်ကျေးရွာအုပ်စု၊ မင်းဆယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၃ ဦးအား အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးမှုနှင့် စာရေးကိရိယာများ လှူဒါန်းခြင်းအစီအစဉ်ကို အဆိုပါမူလတန်းကျောင်းတွင် သူငယ်တန်း တက်ရောက်သင်ကြားနေသော မဖူးအိရွှေစင်၏ မွေးနေ့အမှတ်တရ လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဝင်းက အာဟာရနို့ဆန်ပြုတ်တိုက်ကျွေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယဖွံ့ဖြိုးလာစေခြင်း၊ ဉာဏ်ရည်မြင့်မားလာစေခြင်း၊ ကျန်းမာကြံ့ခိုင်လာစေခြင်းစသော အကျိုးကျေးဇူးများကို ဟောပြော၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(၁၆၆)



# ရေးမြို့နယ်တွင် မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူ

ရေး၊ အောက်တိုဘာ ၇

မော်လမြိုင်ခရိုင် ရေးမြို့တွင် (၁၁၈) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက ကျင်းပရာ ရေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၇၇ ကျောင်းမှ သံဃာတော် ၁၀၃၆ ပါးနှင့် သီလရှင် ၂၁၇ ပါး ဆွမ်းအလှူခံကြွခဲ့ကြောင်း သိရသည်။

အဆိုပါဆွမ်းကြီးလောင်းလှူပွဲတွင် မွန်ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးနိုင်လဝီအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကော်မတီလေးရပ်မှ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်ဖိုးခန့်ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၇၄၈/ခ၊ မြေကွက်တည်နေရာအမှတ်-၇၄၈/ခ၊ အဿက(၂၅) လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သောင်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သောင်းရွှေကို တရားပြိုင်ထား၍ ဒေါ်သန်းနွဲ့မှ တောင်ဥက္ကလာပမြို့နယ်တရားမရုံးတွင် တရားလိုပြု၍ စွဲဆိုသော တရားမကြီးမှုအမှတ်-(၉၄/၁၄)၏ စီရင်ချက်၊ ဒီကရီမှုအမှတ်(၆၇/၁၄)၏အမိန့်နှင့် (၁၄-၈-၂၀၁၄)နေ့ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး အမည်ပေါက် တရားရုံး(ကိုယ်စား)တရားရုံးဘီလစ်ဒေါ်နန့်ဆန်းသိန်း[၁၂/မရက(နိုင်)၀၄၇၆၁၆]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်မှ ဖခင်ဦးမင်းလွင်၏သမီး ဒသမတန်းတွင် ပညာသင်ကြားနေသော မဇင်မာစိုးအား မဖြူစင် ရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မဖြူစင်ရှင်းသန့်

## Miss Myanmar World 2014
## ကျေးဇူးတင်လွှာ

MISS MYANMAR WORLD 2014

Forever BEC Tero မှ စီစဉ်တင်ဆက်သော Miss Myanmar World 2014 ပြိုင်ပွဲကြီးအား အားတက်သရော ပိုင်းဝန်းကူညီပေးခဲ့ကြသော Title Sponsor PANTENE၊ Main Sponsor May Myanmar, Co-Sponsor Maung Thai Life Assurance နှင့် Partner Sponsor များဖြစ်ကြသော Air Asia, Centara Hotel, Vino Restaurant ၊ ပြိုင်ပွဲတလျှောက် Trainer အဖြစ်ဆောင်ရွက်ပေးပါသော Mr.Brian (Plan B, Singapore), Jeans Sponsor NOBODY JEANS, Swim Suit Sponsor ROXY, Footwear Sponsor Lily Shoes နှင့် ရွှေနဂါးဖိနပ်ဆိုင် ၊ ဆံပင်အလှပြုပြင်ခြင်းအတွက် ကူညီပေးပါသော ဆရာမ မကျင်ပို့ နှင့် Funcy House အဖွဲ့သားများ၊ ပြိုင်ပွဲတလျှောက်လုံး Make Up ပညာဖြင့် ကူညီပံ့ပိုးပေးခဲ့သော ခင်စန်းဝင်း၊ လင်းလင်းနှင့် မေဦးတို့အဖွဲ့သားများ ၊ Grand Final ပွဲကြီးအတွက် မြန်မာဝတ်စုံ ကူညီပေးပါသော ရွှေကုံးကော်ပိုးထည်တိုက်နှင့် အဝတ်အစားဒီဇိုင်းများကို အကောင်းဆုံးကူညီပံ့ပိုးပေးခဲ့သော MFDG အဖွဲ့သားများ ၊ ပန်းအလှဆင်ပေးပါသော မာမီကျော်နှင့် အဖွဲ့သားများ ၊ ပြိုင်ပွဲဝင်များအတွက် ကျန်းမာရေးဆေးစစ်မှုများအား ကူညီဆောင်ရွက်ပေးခဲ့ပါသော Sakura Hospital ၊ ပြည်ပခရီးစဉ်အတွက် မြန်မာဝတ်စုံကို ကူညီပေးသော သိဂီကျော်ပိုးထည်တိုက်၊ ပြိုင်ပွဲဝင်များအတွက် ကားစီစဉ်ပေးပါသော Boss Express ၊ ရဟတ်ယာဉ်အသုံးပြုခွင့်ပေးသော Airbus Helicopters ၊ အကောင်းဆုံးအကဲဖြတ်ပေးခဲ့ကြသော ဒိုင်လူကြီးများ ၊ Grand Final ပွဲကြီးနှင့် ပြိုင်ပွဲတလျှောက်အကောင်းဆုံး စီစဉ်ရိုက်ကူးတင်ဆက်ပေးခဲ့ပါသော Forever Group , Channel 7 မှ တာဝန်ရှိလူကြီးမင်းများနှင့် ရိုက်ကူးရေးအဖွဲ့ဝင်များအားလုံး ၊ Miss Myanmar World 2014 ပြိုင်ပွဲကြီး၏ အဓိက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သော ပြိုင်ပွဲဝင်ညီမငယ်များအားလုံး နှင့် ပရိသတ်များအား Miss Myanmar World 2014 ၏ Organizer Forever BEC Tero မှ အထူးကျေးဇူးတင်ရှိပါကြောင်း . . .

## Travel Zone (ခရီးရုန်) Travels & Tours Co., Ltd.

၁၉-၁၁-၂၀၁၄ {ဂယာ - ဖွား၊ ပွင့်၊ ဟော၊ စံ} (၇ည-၈ရက် ခရီးစဉ်)

- ဂယာ ခရီးစဉ် ....................(၁၄ည-၁၅ရက်)
- ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား ခရီးစဉ် ....................(၅ည-၆ရက်)
- ဗန်ကောက်-ဖူးခက် ခရီးစဉ် ....................(၅ည-၆ရက်)
- စင်ကာပူ-မလေးရှား ခရီးစဉ် ....................(၆ည-၇ရက်)
- စင်ကာပူ-ဘာလီ ခရီးစဉ် ....................(၆ည-၇ရက်)
- ဟောင်ကောင်-မကာအို-ကွမ်ကျိုး ....................(၇ည-၈ရက်)
- ကူမင်း-ဘေကျင်း-ရှန်ဟိုင်း ....................(၇ည-၈ရက်)
- ကမ္ဘောဒီးယား ခရီးစဉ် ....................(၄ည-၅ရက်)
- ဗီယက်နမ် ခရီးစဉ် ....................(၃ည-၄ရက်)

အမှတ် (၂)၊အခန်း (၉-အေ)၊ မိုးကောင်းလမ်း၊ စံကားပါကွန်ဒို၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၁ ၈၆၀၃၇၅၄ ၊ ၅၄၈၄၇၃ ၊ ၀၉ ၇၃၁၁၉၂၄၃ ၊ ၀၉ ၅၄၀၃၁၄၃
Email: travelzone08@gmail.com. Web: www.tzone.com.mm.

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဆွေဆက်လွင်(ခ)ခန့်ဇော်[၁၂/မရက(နိုင်)၁၄၂၄၉၆]သည် ကျွန်မ၏ မိခင်မေတ္တာကိုအကြိမ်ကြိမ် စော်ကားပြီး ကျွန်မ၏ဆိုဆုံးမမှုများကိုနားထောင်ခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူနေထိုင်ဆောင်ရွက်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နီလာကျော်သိန်း[၁၂/မရက(နိုင်)၀၆၈၉၂၂]

# သီပေါသံဃာ့ဒါနဆွမ်းလောင်းပွဲနှင့် စာရေးတံမဲ (မဟာဒုတ်) ပွဲတွင် လာဘသိဒ္ဓိ မဟာမုနိဘုရားပုံစံတူ နှီးဘုရားများပါ လှူဒါန်းပူဇော်မည်

**သီပေါ၊ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ (၁၁၉) ကြိမ်မြောက် မြို့နယ်လုံးကျွတ်သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲနှင့် စာရေးတံမဲ (မဟာဒုတ်) ပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် နံနက် အရုဏ်တက်တွင် မဟာမြတ်မုနိဗုဒ္ဓဆင်းတုတော်မြတ်အား ဗုဒ္ဓဘိသေကမင်္ဂလာသဘင် အနေကဇာတင်ခြင်းနှင့် ဆွမ်းတော်ကြီးကပ်လှူခြင်း၊ သံဃာတော်တို့ကို အရုဏ်ဆွမ်းကပ်လှူခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် မွန်းတည့် ၁၂ နာရီမှစတင်၍ ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အလှူပဒေသာပင်မျိုးစုံကို တုံစင့်ဘိုးဘိုးကြီးနတ်နန်းမှ ပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ ရှမ်းရိုးရာ ယဉ်ကျေးမှု အဆို အက အတီးအမှုတ်များဖြင့် သယ်ယူပူဇော်ကြပြီးဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော် ၄ ရက် နံနက်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၈၀ တို့မှ ဝါဆိုရဟန်းသာမဏေ ၁၄၅ ပါးတို့ကို စာရေးတံမဲ (မဟာဒုတ်) ဖောက်၍ ဆွမ်းကြီးလောင်းလှူသွားမည်ဖြစ်သည်။

အဆိုပါစာရေးတံမဲဖောက် ဆွမ်းကြီးလောင်းလှူပွဲတွင် ပေါက်သောဘုန်းတော်ကြီးကျောင်းများတွင် တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွားများပူဇော်နိုင်ရန် လာဘသိဒ္ဓိမဟာမုနိကြေးဆင်းတုတော်ကြီးကို ပုံစံယူ၍ တိန်းချေတိန်းစံကျေးရွာနေ ဦးစိုင်းကာလိန္တ၊ ဦးဆောရိယ၊ ဦးဆောပေတနှင့် ဦးပူလူးတို့က ယွန်းလက်မှုပညာဖြင့်ရက်လုပ်သော နှီးဘုရားနှစ်ဆူကို ပွဲတော်အမီပြီးစီးနိုင်ရန် သက်သတ်လွတ်စားသုံးပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



**ဆားလင်းကြီး၊ အောက်တိုဘာ ၇**

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ဝက်မေ့-ကံတောကျေးရွာသစ်နှင့် ဆည်တည်း-ဇီးတော ကျေးရွာသစ်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ခြင်း၊ အိမ်ထောင်စုဇယားနှင့် မွေးစာရင်းတိုးခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ကြေးမုံ)**

## မိုင်းဆတ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး နှစ်ရှည်ပျိုးပင်များ ထောက်ပံ့ပေးအပ်

**မိုင်းဆတ်၊ အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုးနှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီခွဲက မယ်ပုလုံကျေးရွာအုပ်စု၊ ဂျူးလု ကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးနေလင်းက ဘိန်းအစားထိုး နှစ်ရှည်သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးနေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဘိန်းအစားထိုး နှစ်ရှည်သီးနှံ သစ်ခေါက်ပျိုးပင် ၅၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂျူးလူနှင့် တောင်သူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# မန္တလေးဘုရားပွဲများတွင် ခေတ်ပေါ်အရုပ်များနည်းတူ မြန်မာ့ရိုးရာ အိုးပုတ်များ ဈေးကွက်ရရှိနေဆဲဖြစ်

**မန္တလေး၊ အောက်တိုဘာ ၇**

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များသည် သီတင်းမကျွတ်ခင်ကပင် ဘုရားပွဲများ ရပ်ကွက်အလိုက် ကျင်းပလေ့ရှိသည်။ သီတင်းကျွတ်ပြီဆိုသည်နှင့် ဘုရားပွဲများ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့ကြသည်။

မန္တလေးမြို့တွင် မြို့လယ်ဘုရားပွဲဟုခေါ်ဆိုနိုင်သည့် မြို့လယ်ရပ်ကွက် ဘုရားပွဲများမှစကာ မန္တလေးတောင်ခြေ၊ မဟာလောကမာရဇိန်ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားမှအစ ဘုရားပွဲများကို အဆက်မပြတ်ကျင်းပခဲ့ကြသည်။

မန္တလေးမြို့ပေါ်ရှိ ဘုရားပွဲများတွင် နာမည်ကြီးသော ဘုရားပွဲများစွာရှိသည်။ ထိုပွဲများမှာ သီတင်းကျွတ်လဆန်း ၁၀၊ ၁၁ ရက် ဘုရားသုံးဆူပွဲမှစကာ မဟာလောကရံသီအိမ်တော်ရာဘုရားပွဲ၊ မဟာသကျသီဟဘုရားပွဲ၊ ရတနာမဉ္ဇူဘုရားပွဲတို့မှာ နာမည်ကြီးလှသည်။ မန္တလေးမြို့ပေါ်ရှိဘုရားပွဲများသည် ရိုးရာယဉ်ကျေးမှုဓလေ့အတိုင်း ပွဲလမ်းသဘင်များ ထည့်သွင်းလေ့ရှိသည်။ ဘုရားပွဲတိုင်း သံဃာ့ဒါနဆွမ်းလောင်းပွဲများ စာရေးတံမဲပွဲများ ပါဝင်ကြသည်။



ယခုအခါ မန္တလေးမြို့၏ နာမည်အကြီးဆုံးနှင့် လူအစည်ကားဆုံးဘုရားပွဲဖြစ်သည့် ကျောက်တော်ကြီးဘုရားပွဲတွင် ပွဲတော်မတိုင်မီကပင် ဆိုင်ခန်းများစွာဖြင့် စည်ကားလျက် ရှိသည်။ ထိုဆိုင်ခန်းများထဲတွင် မြန်မာ့ရိုးရာသနပ်ခါးကျောက်ပြင်နှင့်အတူ ရိုးရာကစားစရာဖြစ်သည့် အိုးပုတ် ချိုးရုပ်များနှင့် အခြားရိုးရာပစ္စည်းများကိုလည်း တွဲဖက်ရောင်းချသော ဆိုင်များစွာရှိသည်။ ဘုရားပွဲတွင် မြန်မာ့ရိုးရာကစားစရာဖြစ်သော အိုးပုတ် ချိုးရုပ်ကလေးများကို မြတ်နိုးစွာဝယ်ယူအားပေးလေ့ရှိသည်။

ယခုအခါ ကျောက်တော်ကြီးဘုရားပွဲတော်ဈေးတန်းတွင် ခေတ်မီပစ္စည်းများနှင့်အတူ ရိုးရာကစားစရာပစ္စည်းများအပါအဝင် ဈေးဆိုင်များဖြင့် စည်ကားလျက်ရှိသည်။ ဘုရားပွဲဈေးတန်းများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များကို နိုင်ငံတကာ ခရီးသွားဧည့်သည်များမှ စိတ်ဝင်စားလျက်ရှိသည်။ **တိမ်တမန်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၄၅)၊ မြေကွက်တည်နေရာအမှတ်(၄၅)၊ (၁၃၆)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးရဲနိုင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရဲနိုင်[၁၂/ဗဟန(နိုင်)၀၃၇၂၈၂] ကွယ်လွန်သဖြင့် တော်ပိန်ဝေ(ခ)ဒေါ်စန်းစန်းမြင့် [၁၂/လသန(ဧည့်)၀၀၀၂၀၇]မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရောင်းမည်**

G-Grade Nissan Latio
2012 Push Start, Smart
key, စတိ 19000km,
140 Lkh

ဖုန်း-၀၉-၄၃၂၀၀၆၆၉

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ထ/၄၃၊ မြေကွက်အမှတ်-၂၃၂၂/က၊ မြေကွက် တည်နေရာ ၂၃၂၂(က)၊ အောင်သစ္စာလမ်း (ဦးထွန်းထွန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးမိုးနွယ်[၁၁/ကဖန(နိုင်) ၀၆၂၆၂၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ် ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကျေးဇူးဆပ်**

ကျွန်မမဖြူဖြူဝင်း၏ နိုင်ငံကူးလက်မှတ် MA-၀၁၈၆၇၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၄၀၇၅၁

**အသည်းရောင်အသားဝါဘီရောဂါပျောက်ကင်းအောင် ကုသနိုင်ပါပြီ**

အသည်းရောင်အသားဝါဘီရောဂါ ပျောက်ကင်းအောင် ကုသနည်းများအား ပါမောက္ခဦးခင်မောင်ဝင်းမှ အောက်ပါအစီအစဉ်အတိုင်းဟောပြောပို့ချမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူ မည်သူမဆိုလာရောက်နားထောင်နိုင်ပါပြီ။

နေရာ။ ။ရွှေကျင်မြို့
အချိန်။ ။မွန်းတည့် ၁၂နာရီမှ ၂နာရီအထိ
နေ့ရက်။ ။၉-၁၀-၂၀၁၄ရက်(သီတင်းကျွတ်လပြည့်ကျော်(၁)ရက်(ကြာသပတေးနေ့)
ဟောပြောပို့ချမည့်သူ-ပါမောက္ခဦးခင်မောင်ဝင်း(အသည်း)

စုံစမ်းရန်ဖုန်း-၀၉-၄၉၃၀၈၇၃၉

**လူပျောက်ကြော်ငြာ**

ကော့မှူးမြို့နယ်၊ ဇရပ်ကုန်းကျေးရွာ ဦးအောင်ကျော်ဦး-ဒေါ်ထားထားနွယ်တို့၏ သမီး မသဇင်မျိုးခိုင် [၁၂/ကမန(နိုင်) ၁၀၄၂၁၀]သည် (၁-၁၀-၂၀၁၄)ရက်တွင် ရန်ကုန်မြို့သို့ ဈေးဝယ်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (ကျေးဇူးဆပ်ပါမည်။)

ဖုန်း-၀၉-၂၅၀၅၉၆၁၆၃၊၀၉-၂၅၃၂၃၆၉၄၈၊ ၀၉-၃၁၁၀၄၉၀၆၊၀၉-၇၃၁၀၈၄၂

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၁၃၃-ဘီ)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ ဦးသောင်းကြိုင်(၁၂/သကတ(နိုင်)၀၁၃ရ၆၅)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခလမ်း(၂၀)၊ အမှတ်(၁၁၃၃-ဘီ)ဟုခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအုန်းကျော်(၁၂/သကတ(နိုင်)၁၄၄ရ၃ရ)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေများ | | | အထက်တန်းရှေ့နေများ | | |
|---|---|---|---|---|---|
| ဒေါ်မေရည်စိုးဦး | ဦးဝင်းအောင် | ဒေါ်နိုင်ဇင်ဦး | ဒေါ်နိုင်နိုင်စန်း | ဦးအောင်နိုင်ထူး | ဒေါ်မေဖွန်စိုးဦး |
| LL.B, D.B.L | LL.B, D.M.L,D.B.L | LL.B,D.B.L | LL.B,D.B.L | LL.B | LL.B,D.B.L,D.I.R, C.B.D.S(MOFA) |

**စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ**

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း။ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 510760, 510940, 510950, 500643, 502517, 2304311

ဗဟန်းရုံးခွဲ – အမှတ်(၂၈ရ)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

# မြန်မာ့ဂုဏ်ရည်လမ်းရှိညစျေး၌ ဝိုင်ယာကြိုးပြတ်ကျ

**ရန်ကုန်၊ အောက်တိုဘာ ၇**

စက်တင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ၉၃ လမ်းထိပ် (မြောက်ဘက်ခြမ်း) ညစျေးတန်း၌ လူအလွန်စည်ကားချိန်တွင် အပူရှိန်လွန်ကဲပြီး လျှပ်စစ်သုံးစွဲသူများပြားလွန်းသဖြင့် အရှေ့နှင့်အနောက် သွယ်တန်းထားသော ဓာတ်တိုင်နှစ်တိုင်အလယ်ခေါင်မှ လျှပ်စစ်ဓာတ်ကြိုး ပြတ်ကျခဲ့ရာ အချိန်တစ်နာရီကြာ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့သည်။

အဆိုပါပြတ်ကျသည့် လျှစ်စစ်ကြိုးမှာ စျေးသည်များ၏ ထီးအမိုးကြီးများပေါ် သို့ ပြတ်ကျခြင်းဖြစ်၍ လူသွားလူလာ အလွန်များပြားနေသော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ခဲ့ခြင်းမရှိဟု သိရသည်။

ဓာတ်ကြိုးပြတ်အနား မသွားရန် လမ်းသွားလမ်းလာ ပြည်သူများက ဝိုင်းဝန်းကာရံ တားဆီးပေးကြပြီးကန်တော်ကလေး(အရှေ့) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က သက်ဆိုင်ရာ လျှပ်စစ်ဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပို့ပေးမှုကြောင့် လျှပ်စစ်ဝန်ထမ်းများ ချက်ချင်းရောက်ရှိလာကာ ဓာတ်အားပိတ်ကာ ပြတ်ကျသွားသော ဓာတ်ကြိုးကိုပြန်ဆက်ပြီး ည ၉ နာရီ ၁၅ မိနစ်တွင် ဓာတ်အားပြန်ပို့လွှတ်ပေးခဲ့သည်။

ဆိုက်ကားနင်းသူတစ်ဦးက "ဓာတ်ကြိုးက ဆိုက်ကားဘေးနားပြတ်ကျလာတာ။ ကံကောင်းလို့ပေါ့။ ခုန်ချထွက်ပြေးပြီး ဓာတ်ကြိုးပြတ်ကျတယ် အော်ပြောလို့ လူတွေဝိုင်းအုံလာပြီး ဓာတ်ကြိုးပြတ်ကျနေရာ မသွားဖို့ ဝိုင်းကာတားဆီးပေးကြတယ်" ဟု တွေ့ကြုံရပုံကို ပြောသည်။ လမ်းဘေးစျေးရောင်းသူတစ်ဦးကလည်း "ထီးအမိုးရှိလို့ တော်သေးတာပေါ့ ဓာတ်ကြိုးက ထီးအမိုးပေါ်ပြတ်ကျလာတာ ထီးအမိုးသာမကာယ်ရင် ဘယ်လိုပြောရမှန်းတောင်မသိဘူး"ဟု ကိုယ်တွေ့ကြုံ ဖြစ်ရပ်ကို ပြောပြသည်။

ပြတ်ကျလာသော ဓာတ်ကြိုးမှာ ၁၅၀ ဂိတ် ကြေးကြိုးများဖြစ်ပြီး အချိန်ကာလကြာမြင့်စွာ သုံးစွဲလာခဲ့ပြီဖြစ်၍ ကြေးရောင်မရှိတော့ဘဲ အမဲရောင်ဖြစ်နေကြောင်းကို လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးက ပြောသွားသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# အရေးပေါ်ရှေးဦးပြုစုခြင်းဆေးသေတ္တာများပေးအပ်

**ဝက်လက်၊ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၀ အုပ်စုသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီမှ ထောက်ပံ့ပေးသော အရေးပေါ်ရှေးဦးပြုစုခြင်း ဆေးသေတ္တာကိုင်ဆောင်မည့်သူများအား ဆေးသေတ္တာများပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဝက်လက်မြို့နယ်အတွင်းရှိ မုဆိုးခြုံ၊ သစ်ဆိမ့်၊ ကမ်းဖြူ၊ တချမ်းသာ၊ ဆင်းကွတ်၊ တကောင်းဒေါင့်၊ သမံသာ၊ ကွဲဇင်း၊ မင်းကျီနှင့် ထန်းကြီးကျေးရွာအုပ်စု ၁၀ အုပ်စုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်က အရေးပေါ်ရှေးဦးပြုစုခြင်း ဆေးသေတ္တာများကို ကျေးရွာတစ်ရွာချင်းစီသို့ ပေးအပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှ တပ်ခွဲမှူးများ၊ အသင်းကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နန်းမြင့်(ပြန်/ဆက်)**

# ရင်သွေးငယ်များ ဉာဏစွမ်းရည်ပြိုင်၊ ဆုချီးမြှင့်

**နေပြည်တော်၊ အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ နန်းထိုက်ရတနာ စံပြမူလတန်းကြို ကျောင်း၌ အောက်တိုဘာ ၃ ရက်က ရင်သွေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏစွမ်းရည် ပြိုင်ပွဲအဖြစ် စုပေါင်းသီချင်းဆိုခြင်း၊ တစ်ဦးချင်း ကဗျာရွတ်ဆိုခြင်း၊ တစ်ဦးချင်း ပုံပြောခြင်းများပါဝင်ပြီး ဆုရရင်သွေးငယ်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့၊ မိဘဆရာအသင်း ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်နှင့် တာဝန်ရှိသူများက ဆုများ ပေးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သန်းနိုင်(ဇမ္ဗူသီရိ)**




# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်က ရန်ကင်းဆရာအတတ်သင်ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးများ၊ အဆို၊ အက၊ အရေး၊ အတီး ဒိုင်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။ **သန်းမောင်(ရန်ကင်း)**

# အရန်သားဖွားသင်တန်း(၁/၂၀၁၄) သင်တန်းဆင်းပွဲ နမ့်စန် တွင်ပြုလုပ်

**နမ့်စန်၊ အောက်တိုဘာ ၇**

မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးမိုးသက်မြင့်က သင်တန်းသူများအနေဖြင့် သင်ယူထားကြသော ကျန်းမာရေးပညာရပ်များဖြင့် မိမိတို့ဒေသအတွင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက သင်တန်းသူများကို မိမိတို့အနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့သင်ကြားထားသည့် ပညာရပ်များအပြင် အခြားကျန်းမာရေးပညာရပ်များကိုပါ အမြဲတမ်းလေ့လာဆည်းပူး နေစေလိုကြောင်း၊ မိမိတို့ မတတ်စွမ်းနိုင်သည့် ကိစ္စရပ်များရှိပါကလည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အမြန်ဆုံးချိတ်ဆက်ပြီး ဆက်သွယ်ဆောင်ရွက်သွားကြရန်တို့ကို ပြောကြားခဲ့သည်။

ဆက်လက်ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းတို့က အသီးသီး ချီးမြှင့်ပေးခဲ့ကြပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ဒေါက်တာဒေါ်အေးမိုးသက်မြင့်က သင်တန်းသူများကို ပေးအပ်ခဲ့သည်။

အဆိုပါအရန်သားဖွားသင်တန်းကို ဧပြီ ၁ ရက်မှ စတင်ဖွင့်လှစ်ပြီး ခြောက်လကြာ သင်ကြားပေးခဲ့ကာ နမ့်စန်မြို့နယ်အတွင်းရှိ ဝေးလံခက်ခဲသော ဒေသများမှ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြသည်။

မြို့နယ်အတွင်း သွားလာရေးခက်ခဲပြီးကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသောဒေသများမှပြည်သူများ အဆင်ပြေစေရန်ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ပြီး အရန်သားဖွားသင်တန်း (၂/၂၀၁၄) ကိုလည်း ဩဂုတ် ၁၈ ရက်မှစတင်ဖွင့်လှစ်၍ သင်တန်းသူ ၂၃ ဦးကို ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သိရှိရသည်။ **နမ့်စန်(ပြန်/ဆက်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း အမှတ်စဉ်(၅/၂၀၁၄) ဆင်းပွဲတိုက်ကြီးတွင် ကျင်းပ

**တိုက်ကြီး၊ အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့နှင့် European Union အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၅/၂၀၁၄) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်လွင်၊ မှော်ဘီ၊ လှည်းကူးမြို့နယ်များမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တိုက်ကြီးမြို့ မြို့နယ်ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တိုက်ကြီး ဥက္ကံ၊ အဖျောက်၊ ဖိုးခေါင်၊ တိုင်စိန်နယ်မြေများမှ ရဲစခန်းမှူးများ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ စုစုပေါင်းအင်အား ၃၀ ခန့်တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းသားတပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်နှင့် ရင်ထိုးတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

ကာတီယာစိန်တိုက်
မိတ်ဟောင်း၊ မိတ်သစ်များ ဝါတွင်းကင်းလွတ်သီတင်းကျွတ်မှာ
ပျော်ရွှင်ချမ်းမြေ့ကြပါစေ...
လက်ထပ်မင်္ဂလာဆင်နွှဲကြမည့် သတို့ သား၊ သတို့သမီးများအတွက် စေ့စပ်လက်စွပ်၊
လက်ထပ် လက်စွပ်များကို အထူး Discount များဖြင့် ရောင်းချပေးပါမည်။
1ct အောက်မှ 10ct အထက်ထိ GIA,HRD Certified Diamond စိန်ပွင့်များကို
သက်သာသောနှုန်းထားဖြင့်ရောင်းချပေးပါမည်။
တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။
"ကာတီယာစိန်တိုက်က စိန်အပွင့်ကြီးများကို ဝယ်ယူဝတ်ဆင်ခြင်းဖြင့် ဂုဏ်ယူကြပါစို့..."
Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်)လမ်း
Tel : 246838, 384905, 241929
Show Room(II) No.52 အရှေ့ဘက်အပြင်တန်း
ဗိုလ်ချုပ်အောင်ဆန်းဈေး။ Tel : 253308, 09 73249661

PQI အသိအမှတ်ပြုစင်တာ
ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
LCCI I,II,III Diploma သင်တန်းများ
16 Oct 2014 စမည် / April Exam
I&II
Sec (A): Mon to Wed 3:30 - 5:30 pm (သုံးလပြတ်)
Sec (B): Thur - Fri 7:00 - 8:30 am
Sec (C): Sat - Sun 9:00 - 11:00 am
ORION Business School (ဒဂုံစင်တာအနီး)
၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

ဒေါက်တာခိုင်မြင့်အောင်(တောင်ကြီး)
Ph.D (Alternative Medicines) ၏
အစားအသောက်ဖြင့် ဆီးချိုရောဂါ အမြန်ကုထုံး
စာအုပ် ထွက်ပြီ

အစားအသောက်ကုထုံးနှင့် တွဲဖက်ကုသရသော ရောဂါဖြစ်သည့်အတွက် သွေးချို-ဆီးချို ဝေဒနာရှင်တိုင်း သိသင့်သော အာဟာရ ကုထုံးများကို တင်ပြထားပါသည်။
ရန်အောင်စာပေ၊ ဖုန်း-၀၉ ၅၁၇၉၃၉၈၊ ၀၉ ၇၃၂၆၃၇၅၁၊ ၀၉ ၇၃၂၂၃၆၂၁

ဖတ်စရာ

# မင်္ဂလာဆောင်ကြရာဝယ်

**à wifxufxufZmf**

ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် အချိန်တန် အရွယ်ရောက်၍ လူလားမြောက်သော အခါတွင် အိမ်ထောင်ပြုကြသည်မှာ လောကဓမ္မတာ တစ်ခုပါ။

လက်ထပ်ခြင်းသည် လူမှုရေး (သို့မဟုတ်)တရားဥပဒေအရ လူပုဂ္ဂိုလ်နှစ်ဦး ပေါင်းစပ်ခြင်းဖြစ်ပြီး၊ ထိုပေါင်းစပ်မှုကို ထိမ်းမြားခြင်းဟုခေါ်ဆိုကာ မင်္ဂလာဧည့်ခံပွဲ ကျင်းပ၍ လူအများ၏ အသိအမှတ်ပြုခံယူခြင်း ဖြစ်ပါသည်။ မင်္ဂလာဦးညမှစ၍ လူမှုရေးနယ်ပယ်တွင် အိမ်ထောင်သည်အဖြစ် အဆင့်တိုးမြှင့်ခံရပြီး ဘဝသစ်တစ်ခုကို နှစ်ယောက်အတူ စတင်လျှောက်လှမ်းခြင်းဖြစ်ပါသည်။

လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု အစုံအလင်ဖွဲ့စည်း တည်ထောင်ထားသော ဤကမ္ဘာပေါ်တွင် ရိုးရာ၊ဓလေ့၊အယူဝါဒများ ကွဲပြားသည့်အလျောက် လက်ထပ်ထိမ်းမြားမင်္ဂလာပြုသော ပုံစံခြင်းလည်း မတူညီကြပါ။ သို့သော် တူညီမှုတစ်ခုကတော့ တူနှစ်ကိုယ်တိုင်းပြည်ထူထောင်ခြင်း ဖြစ်ပါသည်။

မြန်မာအစ တကောင်းကဟု ဆိုသည့်အတိုင်း မြန်မာ့ရိုးရာထိမ်းမြားမင်္ဂလာပွဲကတော့ တကောင်းခေတ်ကတည်းက စတင်လာခဲ့သည်။ မြန်မာ့အယူအဆအရ မင်္ဂလာ ၁၂ ပါး ထဲတွင် အာဝါဟ ဝိဝါဟ (ခေါ်) လက်ထပ်မင်္ဂလာ ထိမ်းမြားခြင်းသည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ မြန်မာပြက္ခဒိန်၏ ဝါဆို၊ ဝါခေါင်နှင့် တော်သလင်းဟူသော ဝါတွင်းသုံးလတာကာလတစ်လျှောက်တွင် ကျင်းပကြလေ့မရှိဘဲ ဝါလကင်းလွတ် သီတင်းကျွတ်ပြီးမှသာ ထိမ်းမြားမင်္ဂလာပြုကြရပါသည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလာခဲ့ရာ တစ်သက်မှာ တစ်မင်္ဂလာဟူသော စကားသည် မိရိုးဖလာ အမွေအနှစ်တစ်ခု ဖြစ်ပါသည်။ တရားဥပဒေအရ လက်ထပ်စာချုပ်ချုပ်ဆိုကြခြင်းကလည်း အိမ်ထောင်မှု၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သလို မင်္ဂလာဧည့်ခံပွဲမပြုမီ ရှေးဦးစွာ မင်္ဂလာဆွမ်းဦးအနေဖြင့် သံဃာတော်များပင့်ဖိတ်ကာ ဆွမ်းနှင့်တကွ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းကို ဗုဒ္ဓဘာသာလက်ထပ်နည်းဟု ခေါ်ပါသည်။

သတို့သမီး၏ ဝတ်စားဆင်ယင်ပုံကတော့ ရှေးမြန်မာဘုရင်များလက်ထက်က နန်းတွင်းသူများဝတ်လေ့ရှိသည့် တင်ပါးအထိဖုံးသော ခါးထောင်အင်္ကျီနှင့် ကြိုးကြီးချိပ်ထိုင်မသိမ်းဖြစ်ပြီး လက်ဝတ်ရတနာအစုံအလင်နှင့် ရွှေခြေကျင်းပါ ဆင်မြန်းလေ့ရှိပါသည်။ သတို့သားက ခေါင်းပေါင်း၊ ကော်လံကတုံးရှပ်အင်္ကျီအဖြူ တိုက်ပုံနှင့် သာမန်လုံချည်ထက် နှစ်ဆနီးပါးမျှ ပို၍ရှည်လျားသော (တောင်ရှည်) ချိပ်ပုဆိုးတို့ကို ဝတ်ဆင်ပါသည်။ ထိုဝတ်စုံများနှင့် လိုက်ဖက်ညီအောင် မင်္ဂလာမောင်နှံနှစ်ဦးစလုံး ကတ္တီပါ (သို့မဟုတ်) သားရေညှပ်ဖိနပ်ကိုသာ စီးနင်းလေ့ရှိပါသည်။ မင်္ဂလာမောင်နှံတို့သည် အရောင်ရင့်ရင့်မှောင်မှောင်တို့ကို ဝတ်ဆင်လေ့မရှိဘဲ ရွှေဖလားရောင် (ခေါ်) ရွှေရောင်ကို မင်္ဂလာအရောင်အဖြစ် ဆင်မြန်းလေ့ရှိကြပါသည်။

မင်္ဂလာမောင်မယ်ကို ပွဲထုတ်ပေးသော၊ အခမ်းအနားမှူး (ခေါ်) ဘိသိက်ဆရာ၏ အခန်းကဏ္ဍကလည်း အရေးကြီးသလို မင်္ဂလာမောင်နှံ၏ ဘဝခရီးတစ်လျှောက် ပန်းခင်းသောလမ်းတွင် လျှောက်ရပါစေကြောင်း အတိတ်နိမိတ်ကို ဆောင်ကြဉ်းသည့်အနေဖြင့် မိန်းမပျိုတစ်ဦးက ရှေ့ဆုံးမှ ပန်းကြဲခြင်းကလဲ ချစ်စရာယဉ်ကျေးမှုတစ်ခုပါ။ အိမ်ထောင်တစ်ခုကို စတင်တည်ထောင်မည့်သူနှစ်ဦးအား မိမိတို့တတ်နိုင်သလောက် ဝိုင်းဝန်းထောက်ပံ့ကြသည့် သဘောအဖြစ် ရွှေပွဲလာပရိသတ်များကလည်း မင်္ဂလာလက်ဖွဲ့ ချီးမြှောက်ကြပါသည်။

> **မြန်မာ့ရိုးရာ ထိမ်းမြားမင်္ဂလာပွဲကတော့ တကောင်းခေတ်ကတည်းက စတင်လာခဲ့သည်။ မြန်မာ့အယူ. . .**

ရှေးယခင်ကတော့ မင်္ဂလာဧည့်ခံစရိတ်ကို သတို့သားဘက်ကသာ တာဝန်ယူလေ့ရှိပါသည်။ ငွေကြေးသုံးစွဲနိုင်မှု အနေအထားပေါ်မူတည်ပြီး မင်္ဂလာဧည့်ခံပွဲကို သတို့သမီး (သို့မဟုတ်) သတို့သားနေအိမ်၊ ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းကန်၊ ဘိုးဘွားရိပ်သာ၊ ရပ်ကွက်ရှိ မင်္ဂလာခန်းမများ၊ စားသောက်ဆိုင်၊ ဟိုတယ် စသည်ဖြင့် ကျင်းပကြပြီး ဧည့်ခံပွဲနေရာအကျယ်အဝန်းနှင့် ဧည့်ပရိတ်သတ် အနည်းအများပေါ်မူတည်ကာ အကျွေးအမွေး အစီအစဉ်အနေဖြင့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဇံချက်၊ မြန်မာထမင်းဟင်းလျာစုံ၊ ဒံပေါက်၊ ထောပတ်ထမင်း၊ ကြက်ဆီထမင်း၊ နိုင်ငံခြားမုန့်အမျိုးမျိုး၊ တရုတ်ဘူးဖေးလ်၊ ကော်ဖီ၊ လက်ဖက်ရည်၊ ရေခွေးကြမ်း၊ လက်ဖက်သုပ် စသည်တို့ဖြင့် အလျဉ်းသင့်သလို ဧည့်ခံလေ့ရှိပါသည်။ ငွေကြေးတတ်နိုင်သူများကလည်း ကော်ဇောနီခင်းထားသော ဟိုတယ်ကြီးများတွင် နောက်ခံတေးဂီတဝိုင်းနှင့် အဆိုတော်များထည့်သွင်းကာ တခမ်းတနား မင်္ဂလာယူကြပါသည်။

မည်သို့ပင်ဆိုစေကာမူ အလှူအသီးသီးမှ မင်္ဂလာမောင်နှံတို့၏ တူညီမှုတစ်ခုကတော့ တစ်သက်မှာ တစ်မင်္ဂလာအတွက် ဓာတ်ပုံ၊ ဗွီဒီယိုဖြင့် မှတ်တမ်းတင်ကြခြင်း ဖြစ်ပါသည်။ မြန်မာတို့၏ ချစ်စရာလူမှုဓလေ့တစ်ခုကတော့ အခန်းတွင်းဝင်မည့် မင်္ဂလာမောင်နှံကို ရွှေကြိုး၊ ငွေကြိုးများတား၍ ခဲဖိုးတောင်းကြခြင်းပါ။ ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ကြမ်းစီးခြင်းကဲ့သို့မဟုတ်ပဲ အပျော်သဘောလာဘ်တောင်းခြင်းဖြစ်ပြီး အုံးအုံးကြွက်ကြွက်ဆူညံကာ တစ်မျိုးပျော်စရာကောင်းလှပါသည်။

ညစာစားပွဲများသည် မြန်မာ့ရိုးရာဓလေ့မဟုတ်ဘဲ အနောက်တိုင်းယဉ်ကျေးမှုမှ ကူးစက်မှုတစ်ရပ်သာဖြစ်၍ မြို့ကြီးပြကြီးများရှိ ငွေကြေးတတ်နိုင်သူများသာ ကျင်းပလေ့ရှိသော အခမ်းအနားဖြစ်သည်။ မြန်မာ့ဓလေ့မဟုတ်သဖြင့် သတ်မှတ်ပုံစံမရှိသလို သတ်မှတ်ထားသော အဝတ်အစားများလည်း သီးသန့်ရှိမနေပါ။ ပေါ့ပေါ့ပါးပါး အဝတ်အစားများကိုသာ ဝတ်ဆင်လေ့ရှိပြီး မိတ်ဆွေအပေါင်းအသင်းများနှင့် သီးသန့်ပျော်ပါးသည့်ပွဲမျိုးသာ ဖြစ်သည်။ အနောက်တိုင်းဆန်ဆန် ပျားရည်ဆမ်းခရီးထွက်ခြင်းကလည်း မင်္ဂလာမောင်နှံတို့အတွက် တစ်သက်မမေ့စရာ အမှတ်တရအဖြစ်လေးရယ်ပါ။

ကျားမသဘာဝတို့ဖြင့် ဖွဲ့စည်းထားသော ဤလူ့ဘောင်မှာ ရှေးရေစက်ပါရှိမှသာ ဖူးစာဖက်ခွင့်ရကြမှာပါ။ မိမိချစ်မြတ်နိုးရတဲ့သူကို လက်လွတ်ဆုံးရှုံးမခံဘဲ ရယူပိုင်ဆိုင်ချင်တာကတော့ နှလုံးသားရှိသူ လူသားအားလုံးရဲ့ ဆန္ဒတစ်ခုပေါ့။ မိဘကပေးစားလို့ဖြစ်စေ၊ အောင်သွယ်တော်ကောင်းလို့ဖြစ်စေ၊ ကိုယ်ချစ်ကြောင့်ဖြစ်စေ၊ သူချစ်ကြောင့်ဖြစ်စေ၊ နှစ်ကိုယ်တူချစ်ရည်မျှလို့ဖြစ်စေ၊ အကြောင်းကြောင်းကြောင့် နဖူးစာရွာလည်ပြီး အကြင်လင်မယားဖြစ်ကြပြီဆိုမှဖြင့် ပျော်ရွှင်စရာမိသားစုဘဝကို ရိုးမြေကျတည်ဆောက်ဖို့ကတော့ မင်္ဂလာမောင်မယ်တိုင်းရဲ့ တာဝန်ပါ။

အမြဲတမ်းပြောင်းလဲနေတတ်တဲ့ ပတ်ဝန်းကျင်အသစ်နဲ့ လိုက်လျောညီထွေအောင်၊ တစ်ဦးပေါ်တစ်ဦး အပြန်အလှန် နားလည်ခွင့်လွှတ်ကြရင်းနဲ့ပေါ့။

ရခဲလှတဲ့ လူ့ဘဝမှာ ကြုံတောင့်ကြုံခဲ ကဏ္ဏိယ၊ ပုရိသအဖြစ် ဆုံတွေ့ခွင့်ရတဲ့ချစ်သူတိုင်း ညားကြပါစေ၊ ညားသူတိုင်း ချစ်ကြပါစေလို့ ဆန္ဒပြုရင်း. . .။

## အင်းကြီးကျေးရွာ ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာကျင်းပ

**ကသာ၊ အောက်တိုဘာ ၇**

ကသာခရိုင်၊ ကသာမြို့နယ်၊ အင်းကြီးကျေးရွာအုပ်စု၊ အင်းကြီးကျေးရွာတွင် အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီက ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ထွန်း၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးတို့က ပန္နက်တင်ပေးခဲ့သည်။ ယခုပြုလုပ်သော ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံသည် အလျား ၁၂၆ ပေ၊ အနံ ၁၂ပေ၊ R.C တစ်ထပ်ရှိပြီး ခွင့်ပြုငွေကျပ်သိန်း ၁၅၀၀ ဖြင့် ဆောက်လုပ်ကြောင်း သိရသည်။

၎င်းဆေးရုံတွင် ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ်များ၊ ဝန်ထမ်းနေအိမ်များ ရေဝင်ပေါက်အပါအဝင် အဆောက်အအုံအားလုံးကို စန္ဒာသူရိန်ဆောက်လုပ်ရေး ကုမ္ပဏီမှ ဦးပြည့်ဖြိုးဆွေ (တာဝန်ခံ) က ငွေကျပ်သိန်း ၅၄၀၀ ဖြင့်ဆောက်လုပ်ရန်စာချုပ်ချုပ်ထားပြီးဖြစ်ကြောင်း နှင့်အခမ်းအနားသို့ ကသာမြို့မှ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အင်းကြီးကျေးရွာ၊ လှေဘိုကျေးရွာ၊ မယ်ဒိုကျေးရွာ၊ ဘုရားတောင်ရွာမှ စိတ်ဝင်စားသူ လူငယ်မောင်မယ်များ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**




သင် ............ အာပြဲစ်ချင်လဲ အာလုပ်ချင်လဲ
ဆရာရှင်မင်း (B.A)
အကြားအမြင်၊ မနောစွမ်းအား
မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ ရောက်ရှိလာပါပြီ။
ဖြစ်လိုသောကိစ္စများကိုအစွမ်းထက် မနောစွမ်းအားဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ မနောစွမ်းအားဖြင့်အစက်အစဲများအောင်မြင်စေရမည်။ နှုန်း-၃၀၀၀ိ/
တိုက်အမှတ်(၆၄)၊ ပထပ်၊ မန္တလေးလမ်း(လယ်)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ 09-421164758, 09-425028226

**ပန်းစကား**
အင်းစိန်မြို့နယ်ရှိ ပေ(၁၅×၄၅)၊ MBR-1, BR-1, ပါကေး၊ ကြွေပြားခင်း Lift ပါ အသင့်နေထိုင်ရုံ တိုက်ခန်းများ သိန်း၂၀၀ နှင့် ၂၅၀ကြား ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၀၄၄၈၃၃၉၊ ၀၉-၂၅၀၀၀၇၅၆၁၊ ၀၉-၂၅၉၂၉၃၆၆၀

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း Grade 7(H)တွင် ပညာသင်ကြားနေသော မောင်ဖြိုးမင်းထင်၏ ဖခင်အမည်မှန်မှာ ဦးဇာနည်အောင်(ခ)ဦးညဏ်ထက်အောင် [၁၂/ဒဂန(နိုင်)၀၀၂၀၀၂] ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျိုက်မရောမြို့နယ်၊ အထက-ကဒါ၊ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မောင်ကျော်ဌေး၏ ဖခင်အမည်မှန်မှာ ဦးထွဲ [၁၀/ကမရ(နိုင်)၀၃၂၉၂၈] ဖြစ်ပါကြောင်း။
ဦးထွဲ

umg college
HND HIGHER NATIONAL DIPLOMA
edexcel Approved Centre No 93551
တက္ကသိုလ်ဝင်တန်း၊ IGCSE / GCE O-Level အောင်မြင်ပြီးသူများနှင့်တက္ကသိုလ်ပထမနှစ်ကျောင်းသားများသည် Foundation Course မှစတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့်အခြားဘွဲ့ရများသည် ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။
ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများဦးစီးသင်ကြားသော
UMG COLLEGE မှ ဖွင့်လှစ်မည့် HND အင်ဂျင်နီယာ သင်တန်းများ
Volvo, Hitachi, Furukawa နှင့် Kawasaki တို့၏ International ကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ edexcel ပညာရေးအဖွဲ့ ကြီးနှင့် ပူးပေါင်းဖွင့်လှစ်သည်။
- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering
(Construction and the Built Environment)
UK, Australia, Singapore အစရှိသော နိုင်ငံတကာ တက္ကသိုလ်များတွင် Top-up Course များကို ဆက်လက်တက်ရောက်နိုင်ပြီး B.E (သို့) B.Sc (Hons) Engineering ဘွဲ့ကို ရယူနိုင်မည်။
www.facebook.com/umgcollege
www.umgcollege.com

UMG College - ယာဉ်သိမ်းမင်္ဂလာဈေး၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09 8631823, 09 73036488, 09 730 25440, 01 215678~9, 01-2301580~1 (Ext 216, 219)

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအခင်**

**အသက်(၈၉)နှစ်**

**(မြစ်ကြီးနား)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ (၄၅၁/၆)နေ ဦးအခင်သည် ၅-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြစ်ကြီးနားအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြတ်ဦး**

**အသက်(၈၅)နှစ်**

ဦးမိုးကျော်-ဒေါ်ယဉ်သူဇာလွင်တို့၏ဖခင် ဦးမြတ်ဦး အသက်(၈၅)နှစ်သည် ၆-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**စီးပွားရေးတက္ကသိုလ်**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ခင်အေး (ခ) Mary**

**အသက်(၆၉)နှစ်**

၂၉-၉-၂၀၁၄(တနင်္လာနေ့) ည ၁၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော မိခင်ကြီးဒေါ်ခင်အေး နာမကျန်းဖြစ်နေစဉ်အတွင်းမေတ္တာကရုဏာ စေတနာအပြည့်အဝဖြင့် ကြည့်ရှုစောင့်ရှောက်ကုသပေးခဲ့သည့် ပါမောက္ခဆရာဝန်ကြီးများဖြစ်သော ဒေါက်တာဒေါ်မြသီတာ၊ ဒေါက်တာဒေါ်မာမာကြည်နှင့် မိခင်ကဲ့သို့ပြုစုကုသပေးခဲ့ပါသော ကင်ဆာရောဂါအထူးကုသမားတော်ကြီး(ဓာတ်ရောင်ခြည်) ဒေါက်တာဦးလေးအောင်၊ ရွှေလမင်းအထူးကုဆေးရုံ (မ/ဥက္ကလာပ)မှ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်စိန့်ဂေးဗြီအဲလ် ဘုရားရှိခိုးကျောင်းမှ ကျောင်း ထိုင်ဘုန်းတော်ကြီး ဒေါမိနစ်ခင်စိုးနှင့် သီလရှင်များ၊ ဘာသာတူမိသားစုဝင်များ၊ မြို့နယ်အသီးသီးရှိ ခရစ်ယာန်အဖွဲ့အစည်းများအသီးသီးမှ မိတ်ဆွေသင်္ဂဟများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တပ်ဖွဲ့ဝင်/မိသားစုဝင်များ၊ ထောက်ပံ့အကူတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်/မိသားစုဝင်များ၊ ပန်းပျိုးဥယျာဉ်အသီးသီးမှ မိတ်ဆွေများ၊ မအားလပ် ကြသော်လည်း ကိုယ်တိုင်လာရောက်မေးမြန်းသူများ၊ တယ်လီဖုန်းဖြင့် နှစ်သိမ့်အား ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟမိသားစုဝင်များ၊ နာရေးကိစ္စအဝဝကို မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## တစ်လပြည့်အလွမ်း

**မောင်ရဲနောင်ထွန်း(ခ)နောင်နောင်(ထားဝယ်)**

**B.Sc (Hons) Computing & Imformation Systems.**
**[ London metropolilam university ] I.D.C.S, I.A.D.E.S (NCC . UK) B.A (E.co)**

**ကောင်းကောင်းဆေးမျိုးစုံဆိုင်**

**အသက် (၃၄)နှစ်**

နောင်နောင်ရေ. . .

မေမေနဲ့ ညီလေးကို ခွဲသွားတာ ဒီနေ့ဆို တစ်လပြည့်ခဲ့ပါပြီ။ ဖေဖေ ခွဲခွာပြီး မကြာခင်လေးမှာ သားကြီးကတစ်ခါ ထပ်ခွဲသွားပြီဆိုတော့ ရေဝေးသုသာန်က မီးလျှံတွေဟာ သားရဲ့ ခန္ဓာကိုယ်ကို ပျောက်ကွယ်သွားအောင် စွမ်းဆောင်နိုင်ပေမယ့် မေမေရင်ထဲက ပရိဒေဝအပူမီးက သားကိုပျောက်ကွယ်သွားအောင် မစွမ်းဆောင်နိုင်ပါဘူး သားရယ်။ လူ့ဘဝရလာတာ ဒုက္ခသစ္စာကြီးဆိုတာ မေမေနားလည်ခဲ့ပေမယ့် ဖြေဆည်လို့မရ။ ဒါက မိခင်တစ်ဦးရဲ့ ခံစားချက်ပါ သားရယ်၊ သားအတွက်ရည်စူးပြီး

ကံ့ကော်မြိုင်သာသနာ့ရိပ်သာသို့ အလှူငွေ ကျပ်သိန်း ၅၀တိတိ
မိုးကုတ်ဓမ္မရိပ်သာပဋ္ဌာန်းတိုက်ကျောင်းသို့ အလှူငွေ ကျပ်သိန်း ၅၀တိတိ
မောင်းမကန် ကံယုံကျောင်းတိုက်(ထားဝယ်)သို့အလှူငွေ ကျပ်သိန်း ၅၀တိတိ
သပြေချောင်းကျောင်းတိုက် (ထားဝယ်)သို့ အလှူငွေ ကျပ်သိန်း ၅၀တိတိ

နှင့် ဇေယျဝတီစာသင်တိုက်ရှိ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ နဝကမ္မ အစရှိသော လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းရသော ဒါန သီလ ဘာဝနာ ကောင်းမှုများကို မေမေ့သားကြီး မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားနိုင်ပါစေလို့

သားကြီးရေ အမျှ. . . အမျှ. . . အမျှ. . .

**သားချစ်တဲ့မေမေ ဒေါ်ခင်စော**
**ထွန်းပရိဘောဂ (ထားဝယ်)**
**သားရဲ့ညီလေး လင်းဘိုဘို+အိအိခက်ပန်**
**သားရဲ့တူလေး မောင်မြတ်ဟိန်း**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ဒအောက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်
ဟုမ်းလမ်းမှတ်တိုင်အနီး၊ (၅)လွှာ၊
ပေ ( ၃၀ x ၇၀ )၊ ဓါတ်လှေကားပါ၊
လူနေအိမ်၊ရုံးခန်းတွဲသုံး၍ရသည်။

**ညိုနိုင်းဈေး**

ဆက်သွယ်ရန် - 01-210438/ 09-5010153

စာအုပ် စာပေ လူ့မိတ်ဆွေ

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ကိုကျော်ကျော်**

**အသက်(၄၄)နှစ်**

**၈-၁၀-၁၂ - ၈-၁၀-၁၄**

သားကြီးနဲ့ကွေကွင်းခဲ့ရတာ(၂)နှစ်တာတိုင်ခဲ့ပေမယ့်
ဖေ-မေတို့ ရင်ထဲမှာ
သား 'မသေ' ပါ----
ဖေဖေဦးချစ်စိုးမြင့်-မေမေဒေါ်လှလှမြင့်နှင့်ညီ-ညီမများ
၄၀-ဘီ၊ ၆၃မိုင်၊ ပြည်လမ်း

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးနုမေ**

**အသက်(၆၇)နှစ်**

ဒေါ်တင်မိုးအေး-ဦးနေလင်း(USA)တို့၏မိခင် ဒေါ်အေးနုမေ အသက် (၆၇)နှစ်သည် ၅-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**စီးပွားရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်(၁၂၀/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၀က/ခ)အနော်ရထာလမ်း၊ ဦးဝင်းအောင်အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းအောင် ကွယ်လွန်သဖြင့် ဒေါ်ညွန့်ရီ[၁၂/လကန(နိုင်)၀၃၇၀၀၅]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် နှင့် အပိုင်ပေးကမ်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၇)၊ မြေကွက်အမှတ်(၄၁၈) အမည်ပေါက် ဦးလှရွှေ[၁၂/ရပသ(နိုင်)၀၁၉၉၉၁]၏မြေချပါမစ်အားအဆင့်ဆင့်ဝယ်ယူထားသူ ဦးစိန်မြင့်မောင်[၁၂/မရက(နိုင်)၁၁၂၄၆၆၉]မှ ရုံးခွဲမှတ်ပုံတင်စာရင်းဝင်ခွင့်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်စာရင်းသွင်းခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၈)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉စီ၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာအမှတ်(၂၃)၊ မဟာဘောဂလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (မကျင်နု၊ မောင်ဟန်ကျင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၁)ဦးဖြစ်သူ ဦးဟန်ကျင်ကွယ်လွန်သဖြင့် ဒေါ်လှခင်[၁၂/စခန(နိုင်)၀၅၃၄၁၈]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် (၁)ဦးဖြစ်သူ မကျင်နု[၁၂/စခန(နိုင်)၀၄၆၃၄၉]တို့ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း-၈(FMI အိမ်ရာ)၊ မြေကွက်-၂၆၈၊ ဧရိယာ-၀. ၀၅၅ ဧက၊ နှစ်(၆၀)မြေငှားစာချုပ်၊ အမည်ပေါက်မှာဦးကျော်သူဆွေဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အပြီးအပိုင်အရောင်းအဝယ်စာချုပ်(၂၁၆၆/၂၀၁၄)တင်ပြ၍ ဦးအုန်းမောင်[၁၂/အစန(နိုင်)၁၃၄၀၀၀] အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## (၁)နှစ်ပြည့်အမျှပေးဝေခြင်း

**ဦးအောင်မြင်(ပန်းချီ-အောင်စံမြင့်)**

မြတ်စွာဘုရားအား နေ့စဉ်ရည်မှန်းဆွမ်းလှူဒါန်းခြင်း၊ ညောင်ရွှေမြို့နယ်၊ ပရိယတ္တိစာပြန်ပွဲတွင် နှစ်စဉ်ဆွမ်းကပ်လှူခြင်း၊ ပညာဘူမိ ကျောင်းသို့တရားစာအုပ်များလှူဒါန်းခြင်း၊ ဇလွန်(ပြည် တော်ပြန်)ဘုရား၊ ဆီမီးရေချမ်းပန်းကိုးထောင်ပူဇော်ပွဲ အတွက်နှစ်စဉ်လှူဒါန်းခြင်း၊ ကျောက်တိုင်ဓမ္မသုခတောရဇရပ်ဆောက်ရန်၊ မြောက်ဒဂုံအရှင်လက္ခဏသိမ်တော်ကြီးဆောက်လုပ်ရန်နှင့် ဆည်းဆာ ရိပ်ဂီလာနဘိုးဘွားရိပ်သာသို့ငွေလှူဒါန်းခြင်း၊ တစ်နှစ်ပြည့် (၈-၁၀-၂၀၁၄)ရက်တွင်သံဃာတော်များအားလှူဖွယ်ဝတ္ထုနှင့်အရုဏ်ဆွမ်းကပ်လှူပြီးမိတ်သင်္ဂဟများကိုကျွေးမွေးခြင်း စသောကုသိုလ်ဒါနအစုစုကိုအမျှပေးဝေပါ၏။

ကွယ်လွန်ပြီးသောဦးအောင်မြင်နှင့်အတူ သားကြီးအရှင်ဝိရောဇနှ၊ သမီးပြုံးအောင်မြင်ပါ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ အမျှ အမျှ

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

**ဦးသောင်းဇင်(မြိတ်)**

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၂၄/ခ)နေ (ဦးခဲယား-ဒေါ်စိန်ကြည်)တို့၏သား၊ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ မဇင်နွယ်ဝင့်၊ ကိုလင်းသန့်ဇင်-မရတနာ၊ မောင်ကိုကိုဝင်း-မငြိမ်းအေးဇင်၊ မဇင်လင်းဖြူ၊ မောင်ကျော်ဇာဏီ- မဆောင်းယူနှင်း၊ မောင်သူဟန်သန့်၊ မစိမ့်သက်ထားအောင်၊ မောင်ဇင်ရဲအောင်၊ မောင်ဝေဇင်ကျော်၊ မအေးချမ်းဖြူ၊ မောင်အောင်ဇင်ကျော်၊ မအေးမြဖြူတို့၏အဘိုး၊ မောင်သွင်ထူးအောင်၊ မောင်မင်းခန့်ကိုကိုတို့၏ ဘိုးဘိုးကြီးသည် ၆-၁၀-၂၀၁၄ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ယုံ

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်စိန်-ဒေါ်မြရင်)တို့၏သမီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၀)၊ (၁၄)လမ်း၊ အပေါ်ဆုံးထပ်နေ (ဦးအောင်သိန်း)၏ဇနီး၊ ဦးတင်လှ-ဒေါ်တင်တင်မြတို့၏အစ်မ၊ ဦးအေးဝင်း-ဒေါ်မူမူသိန်း၊ ဦးစိုးသိန်း-ဒေါ်ဝင်းဝင်းသိန်း၊ Capt; မြင့်မော်-ဒေါ်မို့မို့သိန်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၄ (တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၂၂/ခ-၆/၂)၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ဘုရားလမ်း၊ ဆ/က-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်မြမြအုန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြအုန်း [၁၂/သဃက(နိုင်)၀၆၄၁၃၉]က နှစ်(၆၀) ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်ခွဲလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ နွယ်အေး၊ မြေကွက်အမှတ်၂/၁၂၊ မြေကွက်တည်နေရာအမှတ်(၁၂)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးကြိုင်)[၁၂/ဒပန(နိုင်)၀၂၉၅၆၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြိုင်(ဖခင်)နှင့် ဒေါ်သန်း(မိခင်)တို့ကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော ဒေါ်ခင်ဌေး[၁၂/ဒပန(နိုင်)၀၂၉၅၉၅]၊ ဦးအောင်တင်[၁၂/ကတန(နိုင်)၀၁၃၃၄၃]၊ ဦးဌေးမြင့်[၁၂/ဒပန(နိုင်)၀၂၉၅၆၇]၊ ဦးစိန်ဝင်း[၁၂/ဒပန(နိုင်)၀၂၉၅၆၉]၊ ဦးဆန်းဝင်း[၁၂/ဒပန(နိုင်)၀၃၄၉၄၈]၊ ဦးသိန်းဝင်း[၁၂/ဒပန(နိုင်)၀၂၉၅၆၆]တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်နှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၁)၊ ဦးပိုင်အမှတ်(၂၁)၊ ၅၄×၅၅ကြား၊ တပင်ရွှေထီး×ရွှေလုံ့ဗိုလ်လမ်းကြားရှိ ဗိုလ်ကြီးဦးခင်မောင်သွင် အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေယုံ[၁၃/တယန(နိုင်)၀၀၀၃၀၅]မှ မြေချထားမိန့်၊ မြေဖိုးလမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍(အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့် လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး** Follow Me Ph.D (USA) **IELTS** အထူး လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်**

**ENGLISH 4 SKILLS Level (1)**တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။

**Essay, Letter** ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် **Oct 11** စမည်။

**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်**

**ENGLISH 4 SKILLS** သင်ရိုးများအတွက် **DISTANCE LEARNING** အဝေးသင် စတင်လက်ခံပြီ။ မှတ်စု၊ စာအုပ်၊ **CD, DVD** ပြည့်စုံစွာဖြင့် အလုပ်အကိုင်မပျက် **LEVEL 1,2,3** လေ့လာပြီး **Dip ESL(USA)** ရယူနိုင်ပြီ။

**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။**

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေး၍ အမြန်ဆုံး တက်မြောက်စေသည်။

**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS ၄၊လ** အထူး လက်ခံပြီ။

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အမှတ် ၁၈၊ ၅-လွှာ၊
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

# အီတလီ-မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး ဆွေးနွေး

**ရောမ အောက်တိုဘာ ၇**

(၈)ကြိမ်မြောက် အာရှ-ဥရောပ ပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်း အဝေးတက်ရောက်ရန် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့ လွှတ်တော် အဆောက်အအုံ၌ အီတလီနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ H.E.Mr.Pietro GRASSO နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမြင့်နောင်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အီတလီနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ကြိုဆိုထောက်ခံပါကြောင်း ပြောကြားပြီး အီတလီ-မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့် အီတလီနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Pietro GRASSO နှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

သီတင်းဝါလကျွတ်သည့်ကာလတွင် လူသားချင်းစာနာထောက်ထားမှုများဖြင့်

# အကျဉ်းသား အကျဉ်းသူ ၃၀၇၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က) နှင့်အညီ အကျဉ်းထောင်အသီးသီးတွင် ထိုက်သင့်သောပြစ်ဒဏ်များ ကျခံပြီးဖြစ်သည့်အပြင် အကျဉ်းထောင်ကျခံစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား အကျဉ်းသူ ၃၀၇၃ ဦးတို့အား နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း ၂၀၁၄ ခုနှစ် အောက်တိုဘာ ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်)တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူများနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် မြန်မာနိုင်ငံသား အကျဉ်းသား ၃၀၁၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေးရှုသောအားဖြင့် နိုင်ငံခြားသား အကျဉ်းသား ၅၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး၍ ပြည်နှင်ဒဏ်ပေးခြင်းတို့ပါဝင်ပြီး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၃၀၇၃ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များ ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ မေတ္တာစေတနာကို နားလည်သိမြင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရသူများ ဝမ်းမြောက်ပျော်ရွှင်



ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသူများအား တွေ့ရစဉ်။ (ငွေးအောင်)

အောက်တိုဘာ ၇ ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များ ပေးခဲ့ရာ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်မှ အမျိုးသား ၁၃၈ ဦး၊ အမျိုးသမီး ၃၉ ဦးတို့အား ယနေ့နံနက် ၈ နာရီမှ စတင်၍ လွှတ်ပေးခဲ့ရာ အင်းစိန်အကျဉ်းဦးစီးမှုခ်ဦးဝတွင် လာရောက်ကြိုဆိုကြသည့် မိသားစုဝင်များနှင့် သတင်းရယူကြမည့် မီဒီယာများမှ သတင်းထောက်များ စုစည်းလျက်ရှိသည်။

အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ရသူများတွင် အမျိုးသားများကို သုံးသုတ်ခွဲ၍ လွှတ်ပေးသလို အမျိုးသမီးများကို တစ်သုတ်တည်းဖြင့် လွှတ်ပေးခဲ့ကြောင်းသိရပြီး အကျဉ်းထောင်မှ လွတ်မြောက်လာသူများကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

ယနေ့ **မာတိကာ**


ဝါလကင်းလွတ် သီတင်းကျွတ် — စာမျက်နှာ - ၂

ဖူးပွင့်ဝေစည်၊ ကြာငါးမည် တူရာသီ၊ သီတင်းကျွတ် — စာမျက်နှာ - ၆

ဘူဆန်ရုပ်ရှင်ပွဲတော်တွင် ကူပေးဆန်း၏ ဇာတ်ကားသစ် ပါဝင်ပြသမည် — စာမျက်နှာ - ၁၂






" ဝါတွင်းကာလ ဆုမွန်ကောင်း"

မိဘပြည်သူများ၏ ကျေးဇူးတရားအား အစဉ်ထာဝရ ဦးထိပ်ထားလျက် TAW WIN ACM CONSTRUCTION CO., LTD မိသားစုမှ ဝါကျွတ် ကန်တော့ပန်းဆင်လိုက်ပါသည်။ TAW WIN ACM CONSTRUCTION CO., LTD သို့ယုံကြည်စိတ်ချစွာဖြင့်တိုင်ပင်ဆွေးနွေးဝယ်ယူအားပေးနိုင်ရန် ကြွရောက်ခဲ့ဖို့ လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ ။ ။ အမှတ် ( ၄၄ )၊ ဗဟိုလမ်း ( ဇေယျာဝတီလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ။ ။ ၀၁-၅၁၄၇၆၅၊ ၀၉-၃၀၁၁၁၁၄၀၊ ၀၉-၃၀၁၁၁၅၀၊ ၀၉-၃၀၁၁၁၇၀၊ ၀၉-၃၀၁၁၁၈၀၊

( Hot Line ၀၉-၃၂၃၀၄၀၉၉ )

E-mail : acm.hrdept@gmail.com

Facebook : www.facebook.com/TawWinACM





themirror.npt@gmail.com
www.facebook.com/themirrordaily
R/184

# ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆုရရှိမှုနှင့် အဆင့်ရပ်တည်မှု

| စဉ် | တ/ပ | အလေးမ | | | လက်ဝှေ့ | | | ရိုးရာလက်ဝှေ့ | | | တိုက်ကွမ်တို | | | ဘော်လီဘော | | | ဘတ်စကက်ဘော | | | ဝူရှူး | | | ဂျူဒို | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး |
| ၁ | ရန်ကုန် | ၆ | ၄ | ၁ | ၃ | ၃ | ၉ | ၁ | ၆ | ၅ | ၅ | ၄ | ၂ | ၁ | ၁ | - | - | - | ၁ | ၁၀ | ၁၂ | ၆ | - | - | ၄ |
| ၂ | မန္တလေး | - | ၁ | ၁ | ၂ | ၃ | ၄ | - | ၃ | ၂ | - | ၃ | ၆ | - | ၁ | ၁ | - | - | ၁ | ၁၃ | ၇ | ၉ | ၁ | ၅ | ၄ |
| ၃ | နေပြည်တော် | ၁ | - | - | ၁ | ၁ | ၃ | - | ၂ | ၅ | ၄ | ၅ | ၈ | - | - | ၁ | - | - | - | ၈ | ၁ | ၂ | - | ၂ | ၁ |
| ၄ | တနင်္သာရီ | - | - | - | - | ၅ | ၂ | ၂ | ၂ | ၁ | - | ၂ | ၁ | - | - | ၁ | - | - | - | ၃ | ၂ | ၅ | ၂ | ၂ | ၄ |
| ၅ | ဧရာဝတီ | ၁ | ၂ | ၂ | ၅ | - | ၄ | - | ၁ | ၃ | - | - | ၂ | - | - | - | - | ၁ | - | ၂ | ၁ | ၄ | ၅ | ၁ | ၁ |
| ၆ | ပဲခူး | ၃ | ၃ | ၂ | ၈ | ၇ | ၄ | - | - | ၂ | - | - | ၁ | - | - | - | - | - | - | ၁ | ၁ | ၂ | - | ၂ | ၅ |
| ၇ | ရှမ်း | ၁ | - | - | ၄ | ၁ | ၂ | - | - | ၃ | - | - | ၁ | ၁ | - | - | ၁ | - | ၁ | ၆ | ၁၁ | ၃ | - | ၂ | ၃ |
| ၈ | ကယား | - | - | ၁ | ၁ | ၂ | ၁ | ၁ | - | ၂ | ၁၀ | ၄ | ၄ | - | - | - | - | - | - | - | ၄ | ၂ | - | ၂ | ၂ |
| ၉ | ကရင် | - | - | - | - | ၁ | ၂ | ၁၁ | ၁ | ၂ | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ | - |
| ၁၀ | မွန် | - | ၁ | - | - | - | ၁ | - | ၁ | - | - | - | - | - | - | - | - | - | - | - | ၁ | ၂ | ၇ | ၂ | ၇ |
| ၁၁ | ကချင် | ၁ | ၁ | ၅ | - | ၁ | ၅ | - | - | - | ၁ | ၂ | ၂ | - | - | - | - | ၁ | - | ၁ | ၄ | ၇ | ၄ | ၂ | ၅ |
| ၁၂ | စစ်ကိုင်း | - | ၁ | - | ၁ | ၁ | ၁ | ၁ | - | - | - | - | ၂ | - | - | ၁ | ၁ | - | ၁ | - | ၂ | ၃ | ၂ | - | - |
| ၁၃ | မကွေး | ၁ | ၁ | ၁ | - | - | ၁ | - | - | ၁ | - | - | ၃ | - | - | - | - | - | - | ၁ | - | ၃ | - | - | ၁ |
| ၁၄ | ရခိုင် | - | - | - | - | ၁ | ၅ | - | - | ၁ | - | - | ၃ | - | - | - | - | - | - | ၁ | - | ၅ | - | ၁ | ၁ |
| ၁၅ | ချင်း | - | - | - | ၁ | - | ၂ | - | - | - | - | - | ၂ | - | - | - | - | - | - | - | - | ၂ | - | - | ၁ |

| စဉ် | တ/ပ | စားပွဲတင်တင်းနစ် | | | ပန်ကြပ်ဆီလာတ် | | | ရေကူး | | | သေနတ်ပစ် | | | စစ်တုရင် | | | စက်ဘီး | | | ပိုက်ကျော်ခြင်း | | | ဟော်ကီ | | | စုစုပေါင်း | | | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | |
| ၁ | ရန်ကုန် | ၁ | ၃ | - | ၂ | - | ၅ | ၁၅ | ၁၀ | ၁၂ | ၄ | ၁ | ၁ | ၄ | ၂ | - | - | ၂ | - | ၁ | ၁ | - | ၁ | - | - | ၅၄ | ၄၉ | ၄၆ | ၁ |
| ၂ | မန္တလေး | - | ၁ | ၁ | ၃ | ၃ | ၄ | ၈ | ၇ | ၇ | ၂ | - | - | - | ၃ | ၂ | - | - | - | - | ၁ | - | - | ၁ | - | ၂၉ | ၃၉ | ၄၂ | ၂ |
| ၃ | နေပြည်တော် | - | ၂ | ၃ | ၂ | ၁ | ၁ | ၂ | ၈ | ၈ | - | ၁ | ၂ | - | - | ၁ | ၅ | ၄ | ၃ | - | - | ၁ | - | - | - | ၂၃ | ၂၇ | ၃၉ | ၃ |
| ၄ | တနင်္သာရီ | - | - | - | ၂ | ၃ | ၃ | ၇ | ၅ | - | - | - | - | - | - | - | ၂ | ၁ | - | - | ၂ | ၁ | - | - | - | ၁၈ | ၂၄ | ၁၈ | ၄ |
| ၅ | ဧရာဝတီ | ၁ | ၁ | ၁ | ၁ | - | ၂ | - | ၂ | ၃ | - | - | - | - | ၁ | - | - | - | ၁ | ၂ | - | - | - | - | - | ၁၇ | ၁၀ | ၂၃ | ၅ |
| ၆ | ပဲခူး | - | - | - | ၂ | ၃ | ၃ | - | - | ၁ | - | ၁ | ၁ | - | - | - | - | - | ၁ | ၁ | ၁ | - | - | - | - | ၁၅ | ၁၈ | ၂၂ | ၆ |
| ၇ | ရှမ်း | - | - | ၁ | - | - | ၅ | - | - | - | ၁ | ၄ | ၂ | - | - | - | - | - | ၁ | - | - | - | - | - | ၁ | ၁၄ | ၁၈ | ၂၃ | ၇ |
| ၈ | ကယား | - | - | - | - | - | - | ၁ | - | ၁ | - | - | - | | - | - | - | - | - | - | - | - | - | - | - | ၁၃ | ၁၂ | ၁၃ | ၈ |
| ၉ | ကရင် | ၁ | - | - | - | ၂ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | ၁၃ | ၅ | ၅ | ၉ |
| ၁၀ | မွန် | ၄ | - | ၃ | ၁ | ၁ | ၂ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁၂ | ၆ | ၁၅ | ၁၀ |
| ၁၁ | ကချင် | - | - | - | - | ၁ | ၁ | ၁ | ၂ | ၂ | ၁ | ၁ | ၂ | - | - | - | - | - | - | ၁ | - | - | - | - | - | ၁၀ | ၁၅ | ၂၉ | ၁၁ |
| ၁၂ | စစ်ကိုင်း | - | - | - | ၁ | - | ၁ | - | - | - | - | - | - | ၁ | - | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ၁ | - | - | - | ၉ | ၆ | ၁၄ | ၁၂ |
| ၁၃ | မကွေး | - | - | ၂ | ၄ | ၄ | ၃ | - | - | - | - | - | - | ၁ | - | ၁ | - | - | - | - | - | ၁ | - | - | - | ၇ | ၅ | ၁၇ | ၁၃ |
| ၁၄ | ရခိုင် | - | - | ၁ | ၁ | - | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | - | - | ၂ | ၂ | ၁၈ | ၁၄ |
| ၁၅ | ချင်း | - | - | ၂ | - | ၁ | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ | ၁၀ | ၁၅ |

### ယနေ့အချိန်အထိ ဆုတံဆိပ်ရရှိမှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရပ်တည်မှု

| စဉ် | တ/ပ | စုစုပေါင်း | | | အဆင့် |
|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | |
| ၁ | ရန်ကုန် | ၅၄ | ၄၉ | ၄၆ | ၁ |
| ၂ | မန္တလေး | ၂၉ | ၃၉ | ၄၂ | ၂ |
| ၃ | နေပြည်တော် | ၂၃ | ၂၇ | ၃၉ | ၃ |
| ၄ | တနင်္သာရီ | ၁၈ | ၂၄ | ၁၈ | ၄ |
| ၅ | ဧရာဝတီ | ၁၇ | ၁၀ | ၂၃ | ၅ |
| ၆ | ပဲခူး | ၁၅ | ၁၈ | ၂၂ | ၆ |
| ၇ | ရှမ်း | ၁၄ | ၁၈ | ၂၃ | ၇ |
| ၈ | ကယား | ၁၃ | ၁၂ | ၁၃ | ၈ |
| ၉ | ကရင် | ၁၃ | ၅ | ၅ | ၉ |
| ၁၀ | မွန် | ၁၂ | ၆ | ၁၅ | ၁၀ |
| ၁၁ | ကချင် | ၁၀ | ၁၅ | ၂၉ | ၁၁ |
| ၁၂ | စစ်ကိုင်း | ၉ | ၆ | ၁၄ | ၁၂ |
| ၁၃ | မကွေး | ၇ | ၅ | ၁၇ | ၁၃ |
| ၁၄ | ရခိုင် | ၂ | ၂ | ၁၈ | ၁၄ |
| ၁၅ | ချင်း | ၁ | ၁ | ၁၀ | ၁၅ |

## အောက်တိုဘာ(၈)မှ(၁၂)ရက်ထိ ရောင်းမည်

# ရှုံးခန်း၊ဘာလာ၊

# အထူးသင့်တော်သောနေရာ

# iGREEN မှ

## (၃)၊(၄)၊(၅) နှစ်အရစ်ကျရောင်း

**ပါရမီလမ်း** မြေညီပါ(၈၆၁၂) $Ft^2$

**သစ္စာလမ်း** မြေညီပါ(၇၈၂၀) $Ft^2$

**ကမာရွတ်**
ဗဟိုလမ်းအနီး မြေညီပါ(၁၃၂၉၁)$Ft^2$

## iGREEN SHOW ROOM

၁။ အမှတ်(၃၀)၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
၂။အမှတ်(၁၁၅)၊ ပါရမီလမ်းနှင့် အောက်ဗဟိုလမ်းထောင့်၊ လှိုင်မြို့နယ်။

# ဆောက်လုပ်ပြီး ရုံးခန်းအသင့် ဖွင့်နိုင်သည်




လှိုင်၊ ပါရမီလမ်းနှင့်
ဗဟိုလမ်းထောင့် (၅)ထပ်
(၁၀၈၀၀)သိန်း၊ ဂရန်မြေ



(၄၅)ပေx(၆၀)ပေ မြေပိုင်မြေ ပိုင်ဆိုင်မှုနှင့် မြေအောက်ထပ်ပါ
(၄.၅)ထပ် အဆောက်အအုံ (၂၇၀၀၀)သိန်း
ကမာရွတ်၊ နာနတ်တောလမ်း၊ ရွှေကောင်းဟော့ပေါ့ရှေ့

| မြို့နယ် | လမ်း | ကွန်ဒိုအမည် | Sqft | Type | Price (သိန်း) | (36)ကြိမ် ငွေချေစနစ် (၁)လပေးရမည့် ပမာဏ (သိန်း) | ပြီးစီးမှု |
|---|---|---|---|---|---|---|---|
| ရန်ကင်း | သစ္စာလမ်း | **9 Thit Sar** | 834 | 1MBR, 1BR | 1710 | 47 | Start Dec-2014 |
| စမ်းချောင်း | ကံ့ကော် | **4 Kan Kaw** | 1250 | 1MBR, 1BR | 1578 | (12) ကြိမ်130 | (90)% Finish |
| စမ်းချောင်း | ဓမ္မိကဝတီ | **24 Dami Kawaddy** | 1250 | 1MBR, 1BR | 1584 | 43.5 | Start Dec-2014 |
| ကမာရွတ် | နဝရတ် | **Nawarat** | 1170 | 1MBR, 1BR | 2106 | 58 | Foudation |
| လှိုင် | ပါရမီ | **123 Parami** | 1870 | 2MBR, 2BR | 3042 | 84 | Foudation |
| လှိုင် | မဟာဆွေ | **3 Maha Swe** | 1088 | 1MBR, 1BR | 1422 | 39 | Foudation |
| လှိုင် | ပါရမီ | **7 Parami** | 1250 | 1MBR, 1BR | 1890 | 52 | Start Dec-2014 |
| လှိုင် | လွတ်လပ်ရေး | **G4** | 1481 | 1MBR, 1BR | 1602 | 44 | Foudation |

**DEVELOPED BY - iGREEN Construction**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြင်ထိန်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ လမ်း၊ တံတားလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ် အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၉-၁၀-၂၀၁၄ရက်မှ စတင်၍ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၀-၂၀၁၄ရက် (၁၆း၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့်တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဌာန ပြည်နယ်ရုံးတွင်လည်းကောင်း ဖုန်းနံပါတ်-၀၈၃-၂၁၄၉၄သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရွာမဓာတ်အားပေးစက်ရုံရှိ (Gas-skid) ပြုပြင်ခြင်းလုပ်ငန်းအား ပစ္စည်းဖိုးအပါအဝင် (Turnkey)စနစ် ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ကျွန်းချောင်းဓာတ်အားပေးစက်ရုံရှိ (132/66/11KV)(13.33MVA) Single Phase Transformer (3)Nos ကို အကြီးစားပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ကျခံသုံးဆွဲ၍ တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အလုံဓာတ်အားပေးစက်ရုံရှိ (ll/33KV,47.5MVA) Transformerကို အကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ကျခံသုံးဆွဲ၍ တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို (Turnkey)စနစ် နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

(၁) ၂၃၀ ကေဗွီ အလုံ- သီတာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
(၂) ၂၃၀/၆၆/၁၁ ကေဗွီ ဘုရင့်နောင်ဓာတ်အားခွဲရုံ စီမံကိန်း
(၃) ၂၃၀ကေဗွီ အသုတ်- ဟသ်ာတဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း
(၄) ၂၃၀ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ စီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများကို (Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

(၁) အရှေ့ဒဂုံ-ရွှေပေါက်ကံ ၆၆ကေဗွီ ဓာတ်အားလိုင်း(၁၁. ၈)မိုင် စီမံကိန်းနှင့် ရွှေပေါက်ကံ-ဝေဘာဂီ ၆၆ကေဗွီဓာတ်အားလိုင်း (၂. ၅)မိုင် စီမံကိန်း
(၂) အရှေ့ဒဂုံ-မြောက်ဥက္ကလာပ ၆၆ကေဗွီ ဓာတ်အားလိုင်း(၁၃)မိုင်စီမံကိန်း
(၃) အရှေ့ဒဂုံ-ဒဂုံမြောက်(ကုန်ပဒေသာ) ၆၆ ကေဗွီ ဓာတ်အားလိုင်း(၉. ၃)မိုင်စီမံကိန်း
(၄) အရှေ့ဒဂုံပင်မခွဲရုံ-ဒဂုံအရှေ့(၁)၊ (၂) ၆၆ကေဗွီ ဓာတ်အားလိုင်း(၈. ၇)မိုင်စီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း ၀၆၇-၄၁၀၂၈၂**

**သင်္ချာကျော်ရှိန် M.Sc. (Maths). Final.**
(၅)လပြတ် ၈၊၁၀တန်း မေးခွန်းဟောင်းသင်တန်း
သင်္ချာနှင့်ဘာသာစုံ ပိုင်းနှင့်ဆော်ဒါ ၇-၁၀-၂၀၁၄မှစမည်
Ph:09-250359833
09-253034191
အမှတ်-၉၇၊ ပထမထပ်၊ ၃၈-လမ်း(အောက်)။

edexcel
Approved Centre No. 93679

MIC
Myanmar Imperial College

စတုတ္ထအကြိမ်မြောက်ဘွဲ့နှင်းသဘင်အတွက်ဝမ်းမြောက်ဂုဏ်ယူခြင်း




မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှပါဝင်ထမ်းဆောင်သောအားဖြင့် အနာဂတ်ခေါင်းဆောင်များကိုမွေးထုတ်ပေးလျက်ရှိသော Myanmar Imperial College (MIC) ၏ စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို September 28 ရက်နေ့တွင် Sule Shangri-La Hotle ၌ကျင်းပခဲ့ရာ Academic Advisory Head ဖြစ်သူ ဒေါ်ရီရီမြင့်မှ အမှာစကားပြောကြားဖွင့်လှစ်ပေးခဲ့ပြီး Academic Head ဒေါ်လှမြင့်နှင့် Managing Director ဖြစ်သူ ဒေါ်ပို့ပို့ကြည်တို့မှ ချီးကျူးဂုဏ်ပြုကြောင်းပြောကြားပေးခဲ့ကာ ကျောင်းသား၊ ကျောင်းသူပေါင်း (၁၅၀)ခန့်ကိုဘွဲ့လက်မှတ်များ အောင်မြင်စွာချီးမြှင့်ပေးနိုင်ခဲ့ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အနာဂတ်ကျောင်းသားလူငယ်ခေါင်းဆောင်များအား နွေးထွေးစွာကြိုဆိုအပ်ပါကြောင်း

အမှတ် (၆၂/C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 09 73210001 / 01 537562

